# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၂) ရက် ၊ စနေနေ့ ၊ (20-5-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# "ယနေ့ လူငယ် နောင်ဝယ်လူကြီး" ဟူသည့်အတိုင်း ယခုလိုငယ်စဉ်ဘဝတွင်ရရှိခဲ့သည့် အချင်းချင်း ချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို လက်တွဲညီညီဆောင်ရွက်သွားကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၉**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြင့်တင်ရေး"** ဟူသည့် အချက်ကို လူမှုရေးဦးတည်ချက်တွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ လူငယ်လူရွယ်များ၏ စာရိတ္တမဏ္ဍိုင်မြင့်မားရေးမျိုးချစ်စိတ်ဓာတ်ရှင်သန်ထွန်းကားရေး၊ အသင်းအဖွဲ့ စိတ်ဓာတ်များဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိစေရေး အစရှိသည့်ကဏ္ဍအသီးသီး တိုးတက်အောင်မြင်မှုရရှိအောင် အစိုးရအနေဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

ပညာပြည့်ဝနလုံးလှသည့် လူငယ်များ၏ အားကသာ နိုင်ငံတော်ကို စစ်မှန်သည့် အကျိုးဖြစ်ထွန်းစေခြင်းကြောင့် မောင်တို့မယ်တို့သည် ပညာပြည့်ဝနလုံးလှသည့် လူငယ်များဖြစ်အောင် ကျင့်ကြံကြိုးစားကြရမည်ဖြစ်၊ အမိနိုင်ငံတော်ကြီးထဲတွင် မွေးဖွားသူများဖြစ်သည်နှင့်အညီ အမိနိုင်ငံတော်ကြီး၏သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ထားကြရန်လို...






ရတနာပုံ

၂၀၂၃ ခုနှစ် မေ ၂၀ ရက်

အယ်ဒီတာ့အာဘော်

# စည်းလုံးညီညွတ်မှုဖြင့် သာယာဖြောင့်ဖြူးသောရှေ့ခရီး

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် အစပြုဖြစ်ပေါ်လာသည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA) သည် မြန်မာနိုင်ငံအတွင်း မေ ၁၄ ရက်က ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ထိုမှ မေ ၁၅ ရက်ကစ၍ အဆင့်ဆင့်အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပြင်းထန်သည့်ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာတချို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် အချို့နေရာများတွင်လည်းကောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့နယ်တချို့တွင်လည်းကောင်း ထိခိုက်ပျက်စီးမှုတို့ရှိခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သည့်ကိစ္စရပ်ဖြစ်ပါသည်။ သို့သော် ကြိုတင်ပြင်ဆင်မှုကောင်းမွန်ခြင်း၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်းများရှိပါက ပျက်စီးဆုံးရှုံးရမှုများကို အတိုင်းအတာတစ်ခုအထိ အနည်းငယ်လျော့ကျနိုင်သည်ဖြစ်ရာ ယခုမုန်တိုင်းနှင့်ပတ်သက်၍ ဆိုင်ကလုန်းမုန်တိုင်းအဆင့်မဖြစ်ပေါ်မီ မေ ၆ ရက်ကတည်းက မုန်တိုင်းကျရောက်နိုင်ကြောင်း မိုးလေဝသသတင်းများအရ သိရှိသည်နှင့် နိုင်ငံတော်အစိုးရက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကျင်းပပြီး ကြိုတင်ကာကွယ်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခြင်း၊ သတိပေးချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များထုတ်ပြန်ခြင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်၍ စီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်းပေးမှု၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြင်းထန်သည့် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံး အခြေအနေဖြစ်အောင် အောင်မြင်စွာ လျှော့ချနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ တိုင်းပြည်တွင် ပြင်းထန်သည့်မုန်တိုင်းဒဏ်ကြောင့် ပြည်သူများစွာအခက်အခဲကြုံတွေ့နေရချိန်တွင် မည်သူ့တိုက်တွန်းမှုမှမပါဘဲ စိတ်စေတနာအလျောက် အလှူရှင်များစွာပေါ်ပေါက်လာမှုများကလည်း ပြည်ထောင်စုဖွားအချင်းချင်း ရိုင်းပင်းကူညီလိုသည့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ကြည်နူးဖွယ်တွေ့မြင်ရသည်။ မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့်အလှူငွေ သိန်းပေါင်း ၁၃၁၈၁၀ သိန်း ရရှိကြောင်းမြင်တွေ့ရမှုမှာ မြန်မာ့စိတ်ထားကို အံ့သြ လေးစား အားရ ဝမ်းမြောက် ကျေနပ်ရပါသည်။

နိုင်ငံအတွက် လိုအပ်နေချိန်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်အလှူရှင်အပေါင်းတို့၏ တတ်စွမ်းသရွေ့လှူဒါန်းကြခြင်းသည် **တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်** ဆိုသည့်အတိုင်း သွေးစည်းညီညွတ်ကြမှုပင်ဖြစ်သည်။ အပြန်အလှန်ကူညီရိုင်းပင်းကြည့်ရှုကြခြင်းသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၏ တစ်ဦးနှင့်တစ်ဦးအပေါ် ခင်မင်ကြမှု၊ ကြင်နာကြမှု၊ ယုံကြည်ကြမှု၊ ညီညွတ်စည်းလုံးကြမှု၊ ကူညီစောင့်ရှောက်ကြမှုတို့သည် မင်္ဂလာတရားနှင့် ပြည့်စုံနေသည်ဖြစ်ရာ ကမ္ဘာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့လှမ်းချီနေသည့် တိုင်းပြည်၏ ရှေ့ခရီးတစ်လျှောက် သာယာဖြောင့်ဖြူးနေမည်သာဖြစ်ပါကြောင်း ယုံကြည်စွာရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၉ ဒသမ ၉၆ ဘီလီယံ ထုတ်ချေးမည်



**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်ရှိ မိုးသီးနှံစိုက်တောင်သူများကို မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၉ ဒသမ ၉၆ ဘီလီယံ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲပုပ်၊ ပဲလွမ်း၊ ပြောင်း စသည့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဘဏ်က တောင်သူတွေအကျိုးစီးပွားအတွက် ချေးပေးနေတာပါ။ ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ် ချေးထားတဲ့တောင်သူတွေအနေနဲ့ အရင်းရယ်၊ အတိုးရယ်၊ ဒဏ်တိုးတွေရယ် အားလုံးအကျေချေတဲ့ တောင်သူတွေကို ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ချေးပေးသွားမှာပါ။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ဘဏ်မှာ အာမခံထားပြီးတော့ ကြွေးဟောင်းကျေ တောင်သူတွေကို အနည်းဆုံး တစ်ဧကကနေ ၁၀ ဧကထိ ပိုင်ဆိုင်သူတွေကို ထုတ်ချေးပေးသွားမှာပါ။ ချေးငွေကို မေလ တတိယပတ်ကနေ ဘဏ်ခွဲတွေအလိုက် ချေးပေးသွားမှာပါ။ အတိုးနှုန်းအနေနဲ့ ငွေကျပ် ၁၀၀ ကို တစ်နှစ်ကို ငါးရာခိုင်နှုန်းကောက်ခံသွားမှာပါ။ အတိုးနှုန်းသက်သာစွာနဲ့ တောင်သူတွေကို ချေးပေးနေတာပါ"ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးမည့် မြို့နယ် ၂၃ မြို့နယ်မှာ ချမ်းအေးသာစံ၊ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၁၉**

မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါးကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေတွေ၊ မြေကွက်အကျယ်မဟုတ်တာတွေ၊ နေရာက အတွင်းပိုင်းကျပြီး လမ်းမသင့်တာတွေ၊ လူနေအဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့မြေအမျိုးအစားဖြစ်နေတာတွေ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးပဲဖြစ်နေရပါတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိနေကြောင်း၊ အဌားဈေးကွက်တွင် ဈေးနှုန်းများပါ မြင့်တက်လာပြီး မြို့တွင်းပိုင်းအချက်အချာကျသည့်နေရာများ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း၊ ငှားရမ်းမှုအများဆုံးမှာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်းလုံလောက်စွာရှိသောနေရာများ ပို၍အငှားဖြစ်နေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း၊ ပေ (၂၀× ၆၀)၊ ပေ (၃၀×၆၀)၊ ပေ (၄၀×၆၀) အကျယ်မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးရှိလာ

**မန္တလေး မေ ၁၉**

မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ တရုတ်ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်ဘက်က ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်းအဝင်နည်းလာတယ်။ တရုတ်ကြက်သွန်ဖြူတွေက ဈေးကွက်ထဲမှာ ကုန်ပစ္စည်းလက်ကျန်က သိပ်မရှိတော့ဘူး။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန် ရှားပါးလာပြီးတော့ ဈေးကောင်းပြန်ရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မေလ ပထမပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူတွေကလဲ လက်ကျန် သိပ်ပြီးမရှိတော့တာကြောင့် ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်ထဲ ပြန်ဝင်လာရင်တော့ ဈေးကပြန်ပြီး တည်ငြိမ်သွားဖို့ ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အင်ပူမြို့နယ် သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်ပူ မေ ၁၉**

ရောဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်ပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့်ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာဆောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သရက်အုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၇ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ နစ်ဖက်မိဘများအား အမှူးထား၍ ဦးနေမျိုးအောင်-ဒေါ်နှင်းနှင်းဦးမိသားစုက ဆွမ်းအလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၇၃၉၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၇၃၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၉၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၇၃၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ နှမ်းဧက ၉၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၉၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဒီနှစ် နှမ်းစိုက်ပျိုးမှုက တော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တာပါ။ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်တွင် ၄၅၀၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၄၅၇၃ ဧက၊ ရွှေဘိုခရိုင်တွင် ၇၄၃၄၈ ဧက၊ ရေဦးခရိုင်တွင် ၉၅၇၆ ဧကနှင့် စစ်ကိုင်းခရိုင်တွင် ၄၃၉၇ ဧကတို့ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မုံရွာခရိုင်တွင် ၆၄၂၇ ဧက၊ ယင်းမာပင်ခရိုင်တွင် ၃၆၇၃ ဧက၊ ရွှေဘိုခရိုင်တွင် ၆၇၀၈၃ ဧက၊ ရေဦးခရိုင်တွင် ၁၂၁၃၉ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၀၆၃ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၄၅၅ ဧက၊ ကသာခရိုင်တွင် ၁၂၅ ဧက၊ ကောလင်းခရိုင်တွင် ၃၅ ဧက စုစုပေါင်းဧက ၉၅၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြောက်ဦးမြို့နယ် မောင်ရှိကန်စံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**မြောက်ဦး မေ ၁၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်ရှိကန်စံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို မေ ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ မောင်ရှိကန်စံပြကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခုနစ်လက်မရှိ ကျေးရွာတွင်းလမ်း၊ အရှည်ပေ ၉၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခုနစ်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများနှင့် အရှည်ပေ ၈၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးမြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဦးဘစောက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ်အတွင်း မောင်ရှိကန်စံပြကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ တင်ဒါခေါ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ကော့ကရိတ် မေ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားဘုတ်ကျေးရွာနှင့် ကော့ခိုင်ကျေးရွာတို့၌ ကျေးလက်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် မြေနေရာအခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဘားဘုတ်ကျေးရွာ၊ ကော့ခိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် မြေနေရာအခြေအနေများနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က စက်ရေတွင်းတူးဖော်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ကော့ကရိတ်မြို့နယ် ဘားဘုတ်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၂ သန်းဖြင့်လည်းကောင်း၊ ကော့ခိုင်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း ပေ ၃၅၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၆ သန်းဖြင့်လည်းကောင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့ထံမှ သိရသည်။

**သန္တာ**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၈၀)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်ညအိပ်ရာဝင်ရေသောက်ပြီး အိပ်ပေမဲ့ ညလယ်ရောက်ရင် အာခေါင်ခြောက်ရေငတ်ပြီး တစ်ရေးနိုးလာပါတယ်။ ရေထသောက်ရပါတယ်။ ရေသောက်များတော့ ဆီးထသွားရပြီး တစ်ညလုံးကောင်းကောင်းအိပ်မပျော်ဖြစ်ပါတယ်။ ဆရာဝန်ပြကြည့်တော့ ဆီးချိုရောဂါဖြစ်ချင်လို့ အစပျိုးနေတဲ့လက္ခဏာလို့ပြောပါတယ်။ တစ်ပတ်တစ်ကြိမ် သွေးဖောက်စစ်ပြီး စောင့်ကြည့်ဖို့လဲပြောပါတယ်။ ဆီးချိုရောဂါအမျိုးအစား(၂) လို့လဲ ပြောပါတယ်။ ဆီးချိုရောဂါအမျိုးအစား(၂) ဆိုတာဘယ်လို ရောဂါမျိုးပါလဲ။ ရှောင်ရန်နဲ့ သက်သာစေနိုင်မဲ့ မြန်မာဆေးပင်ဆေးမြစ်တွေ၊ ဆေးနည်းတွေ သိလိုပါတယ်။ ကျွန်တော်က သဘာဝဆေးပင်ဆေးမြစ်တွေနဲ့ ရောဂါကုသပျောက်ကင်းတာကို နှစ်သက်လို့ပါ။ ဆရာညွှန်ပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဆီးချိုရောဂါမှာအမျိုးအစား(၁) မွေးရာပါ ဆီးချိုရောဂါနဲ့ အမျိုးအစား(၂) အသက်ကြီးမှဖြစ်တဲ့ အချိုစားသုံးမှု လွန်ကဲလို့ဖြစ်တဲ့ ဆီးချိုရောဂါဆိုပြီး အကြမ်းဖျင်းအနေနဲ့ နှစ်မျိုးရှိပါတယ်။ အချိုစားတာလွန်ကဲမှုမဟုတ်ဘဲ ခန္ဓာကိုယ်ထဲက ပန်ကရိယခေါ် မုန့်ချိုအိတ်မှာဖောက်ပြန်လို့၊ ရောဂါတစ်ခုခုရလို့ဖြစ်တဲ့ ဆီးချိုရောဂါတွေလဲရှိပါတယ်။ ဆီးချိုဖြစ်ပြီဆိုရင် တတ်ကျွမ်းနားလည်တဲ့ အထူးကုဆရာဝန်ကြီးတွေပြသပြီး သူတို့ညွှန်ကြားတဲ့အတိုင်း ဆေးကို စွဲစွဲမြဲမြဲသောက်မှ ပျောက်ကင်းနိုင်တဲ့ရောဂါမျိုးဖြစ်ပါတယ်။ တစ်ပွဲတိုးမရပါ။ စိတ်ရှည်ရှည်ကုသရမှာပါ။ တိုင်းရင်းဆေးအနေနဲ့တော့ လေ့လာမိသမျှကို အောက်မှာ ဖော်ပြထားပါတယ်။

ဆီးချိုရောဂါအမျိုးအစား(၁)မွေးရာပါ ဆီးချိုရောဂါ၊ မျိုးရိုးလိုက်တဲ့ ဆီးချိုရောဂါအတွက် သစ်ကြံပိုးခေါက်မှုန့်ကို ဟင်းစားဇွန်း တစ်ဇွန်း နေ့စဉ်စားသုံးပေးရင် သက်သာစေနိုင်ပါတယ်။ သဘော်သီးအစိမ်းတစ်လုံးကို ထိပ်ကဖြတ်ပြီး အထဲက အစေ့နဲ့ အစေးတွေကို မဖယ်ထုတ်ပဲ ရေနွေးပူပူလောင်းထည့်ပြီးအုပ်ထားပါ။ အဲဒီရေနွေးကိုငှဲ့ယူပြီး အကြမ်းပန်းကန်တစ်လုံးစာ ထမင်းစားပြီးတိုင်း သောက်သုံးပေးပါ။ ပုတီးဖြူပင်ရဲ့အရွက်ကိုပြုတ်ပြီး အအေးခံထားပါ။ အရည်ကို ဖန်ပုလင်းမှာထည့်ပြီးသိမ်းထားပါ။ တစ်နေ့ကို မတ်ခွက်တစ်ဝက်လောက်သောက်သုံးပေးရင် ဆီးချိုရောဂါမတက်အောင် ထိန်းထားပေးနိုင်ပါတယ်။ အသက်ကြီးမှဖြစ်တဲ့ ဆီးချိုရောဂါအမျိုးအစား(၂)အတွက် ခရေရွက်ပြုတ်ရည်ကို အကြမ်းပန်းကန်တစ်လုံးစာ ထမင်းစားပြီးတိုင်းသောက်ပေးပါ။ တစ်နည်း ဆေးခါးကြီး ရှမ်းဆေးခါး အရွက်ပြုတ်ရည်ကို မနက်၊ ည ဟင်းစားဇွန်း သုံးဇွန်းလောက် သောက်ပေးပါ။ တစ်နည်း သကြားမကိုင်းပင်ကို ပန်းအိုးနဲ့စိုက်ထားပြီး တစ်ရွက်၊ နှစ်ရွက် အစိမ်းစားပေးရင်ဆီးချိုကျစေတယ်။ တစ်နည်း မဟော်ဂနီစေ့ နှစ်စေ့၊ သုံးစေ့ကိုဝါးစားပြီး ရေနွေးသောက်ပေးရင် ဆီးချိုကျစေနိုင်တယ်။ ဆီးချိုကျစေနိုင်တဲ့ ဆေးနည်းတွေရဲ့ထိရောက်မှုက တစ်ယောက်နဲ့တစ်ယောက်မတူလို့ အမျိုးမျိုးစမ်းသပ်ကြည့်ပြီး မိမိနဲ့အဆင်ပြေတဲ့ ဆေးနည်းကို သုံးစွဲနိုင်ပါတယ်။ အဓိကအချက်က နေ့စဉ်မဖြစ်နိုင်ရင်တောင် တစ်ပတ်တစ်ကြိမ်သွေးဖောက်ပြီး ဆီးချိုအတက်အကျကို စောင့်ကြည့်စစ်ဆေးပြီး ဆရာဝန်နဲ့ တိုင်ပင်သင့်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်အသက် ၅၀ ကျော်ပါပြီ။ အများအားဖြင့် ကျန်းမာပါတယ်။ အခုရက်ပိုင်းအတွင်းမှာရာသီဥတုပူလို့ ရေအေးအတော်သောက်ဖြစ်ပါတယ်။ ရေခဲသေတ္တာထဲမှာထည့်ထားတဲ့ သောက်ရေသန့်အအေးဘူးကို တော်များများ သောက်ဖြစ်ပါတယ်။**



ဆေးဖက်ဝင် ထန်းသီးဆန်ကို တွေ့ရစဉ်။

**သောက်ပြီးတစ်ပတ်လောက်ကြာတော့ ဆီးအောင့်လာပါတယ်။ တစ်ခါတစ်ရံလဲ ဆီးက ပူပါတယ်။ ဒါကြောင့် ကျွန်တော် ရေခဲသေတ္တာထဲက ရေသောက်တာကိုရပ်လိုက်ပြီး ရိုးရိုးရေပဲ သောက်ပါတယ်။ ဒါပေမဲ့ ဆီးအောင့်ရောဂါက ကောင်းကောင်းမပျောက်ပါဘူး။ တစ်ခါတစ်ရံ ရေခဲစိမ်ထားတဲ့ဖရဲသီး၊ သရက်သီး၊ နာနတ်သီးစတဲ့အသီးအနံ့တွေစားမိရင် ဆီးပူလာပါတယ်။ တချို့က ရေနွေးကြမ်းအဖန်ရည်ပြောင်းသောက်ဆိုလို့ သောက်ဖို့လုပ်နေပါတယ်။ ဆီးပူ၊ ဆီးအောင့်အတွက် အဆင်ပြေနိုင်မဲ့၊ ပျောက်ကင်းစေနိုင်မဲ့ ဆေးနည်းတွေရှိရင် သိလိုပါတယ်ခင်ဗျ။**

ဖြေ ။ ။ ပူအိုက်တဲ့ရာသီမှာ အလွန်အေးတဲ့ရေသောက်ရာက ခန္ဓာကိုယ်တွင်းမှာ အပူငုပ်သွားတတ်ပါတယ်။ အဓိကကတော့ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းပါ။ ဆီးအိမ်မှာ အပူငုပ်ပြီး တော်တော်နဲ့ပြန်မထွက်ဘဲ ဆီးပူ၊ ဆီးအောင့်ရောဂါဖြစ်လာတတ်ပါတယ်။ ဆေးနည်းတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

ဆီးပူရောဂါဖြစ်ရင်-

(၁) ရှားစောင်းလက်ပပ်အနှစ်ကိုသကြားနဲ့ခေါက်စားပါ။ ဒါမှမဟုတ် ရှားစောင်းလက်ပပ်ဟင်းချိုချက်သောက်ပါ။

(၂) ကျောက်ဖရုံသီးအလယ်အူတိုင်ကို ထွင်ပြီး သကြားထည့်ပါ။ အသီးထိပ်ကို လေလုံအောင်ပြန်ပိတ်ထားပါ။ တစ်ရက်ကြာရင် အထဲကအရည်ကို စစ်ယူပြီး အကြမ်းပန်းကန်တစ်လုံးစာ နေ့စဉ်သုံးရက်ဆက်သောက်ပါ။ လိုအပ်ပါက ငါးရက်ထိ သောက်နိုင်ပါတယ်။

(၃) မြင်းခွာရွက်ကို ကြိတ်ခြေပြီး နွားနို့၊ သကြားတို့နဲ့ ဖျော်ရည်လုပ်သောက်ရင် ဆီးပူရောဂါပျောက်ကင်းနိုင်ပါတယ်။

(၄) ဆေးကုလားမကိုရေစိမ်ပြီး ပွလာတဲ့အခါ သကြားရည်နဲ့ရောစပ်ပြီး သောက်ပါ။ အချဉ်ကြိုက်ရင်ရှောက်ရည်၊ သံပရာရည်ညှစ်ထည့်ပြီး သောက်သုံးနိုင်တယ်။

ဆီးအောင့်ရောဂါဖြစ်ရင်-

(၁) ကြက်သွန်နီဥကြီးကို ပါးပါးလှီးပြီး ဆီးခုံမှာ ကပ်ပေးပါ။

(၂) ကြက်သွန်နီကိုမီးဖုတ်ပြီး အရည်ညှစ်သောက်ပေးပါ။

(၃) ဆန်ဆေးရည်ကို အကြည်ရည်ယူပြီး သကြားခတ်သောက်ရင် ဆီးအောင့်သက်သာပါတယ်။

(၄) တောဆီးဖြူပင်ကို သကြားနဲ့ကျိုပြီး သောက်ပါ။

(၅) မြင်းခွာနွယ်ပင်ကို အရိပ်မှာအခြောက်လှန်းပါ။ မြင်းခွာရွက်ခြောက်ကို လက်ဖက်ခြောက်လို ရေနွေးမှာခတ်သောက်ရင် ဆီးအောင့်သက်သာစေနိုင်ပါတယ်။

(၆) ရေထိကရုံးပင်ကို အရည်ညှစ်သောက်ပါ။ အတို့အမြှုပ်ပြုလုပ်စားပါ။

(၇) ဗေဒါပင်ပဥ္စငါးပါးကို သကြားနဲ့ကျိုပြီး သောက်ပါ။

(၈) သံမနိုင်ကျောက်မနိုင်ပင်ကို သုံးခွက်တစ်ခွက်တင်ကျိုပြီး အကြမ်းပန်းကန်တစ်လုံးစာသောက်ပေးပါက ကျောက်ကြောင့်ဖြစ်တဲ့ ဆီးအောင့်ရောဂါကို သက်သာစေပါတယ်။

(၉) အလိုကျူပင်ကို ပြုတ်သောက်ပါက အဖျားနဲ့တွဲပြီးဖြစ်တဲ့ ဆီးအောင့်ရောဂါကို သက်သာစေပါတယ်။

(၁၀) ဆပ်သွားဖူးပင်အမြစ်ကို သွေးပြီး ဆီးခုံမှာလိမ်းပေးရင် ဆီးကျိတ်ကြောင့်ဖြစ်တဲ့ ဆီးအောင့်ရောဂါကို သက်သာစေပါတယ်။

(၁၁) ခရမ်းချဉ်သီးကို အရည်ညှစ်ပြီး အစိမ်းအတိုင်းသောက်ပေးပါက ဆီးကျိတ်ကြီးလို့ဖြစ်တဲ့ ဆီးသွားရခက်တာကို သက်သာစေပါတယ်။

(၁၂) မုန်ညင်းဆီကို မီးနဲ့နွေးပြီး ဆီးခုံနဲ့ နောက်ကျောခါးစပ်နေရာမှာ လိမ်းပေးပါက လေချုပ်လို့ဖြစ်တဲ့ ဆီးအောင့်ရောဂါကို သက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်ညက ပက်လက်ကုလားထိုင်မှာ ဇာပတ်ရင်း အိပ်ပျော်သွားပါတယ်။ မနက်ထတော့ ညာဘက်ကို ဇက်လှည့်မရဖြစ်နေပါတယ်။ အိမ်ကလူကြီးတွေက အုံးလွဲတာဆိုပြီး ခေါင်းအုံးကိုနေပူလှန်းပြီး တုတ်နဲ့ရိုက်နိုင်းပါတယ်။ မသက်သာပါဘူးခင်ဗျာ။ ပျောက်ကင်းအောင် ဘယ်လိုဆေးတွေသုံးရမလဲဆိုတာညွှန်ပေးစေလိုပါတယ်။**

ဖြေ ။ ။ ဇက်လှည့်မရ အုံးလွဲရင် မုန်ညင်းဆီကို မီးအပူပေးပြီး ဇက်နဲ့လက်ပြင်မှာလိမ်းပါ။ ဆားကို အဝတ်နဲ့ထုပ်ပြီး ရေနွေးငွေ့ခံအပူပေးပြီး ဆားကြပ်ထုပ်ထိုးပေးပါ။ ကြေးဖလား ဒါမှမဟုတ် ကြေးဇွန်းကို မီးကင်ပြီး ခံနိုင်တဲ့အပူနဲ့ ဇက်ပိုးကို အုပ်ပေးရင် အုံးလွဲသက်သာစေတယ်။ သဘော်ရွက်အနုကို ပျော့အောင်ရေနွေးခဏစိမ်ပြီး ဇက်ကို ကပ်ပေးပါက အုံးလွဲတာ၊ ဇက်လှည့်မရတာတွေပျောက်ကင်းသက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ပူပြီးချွေးထွက်များရာက နောက်ကျောမှာ ညှင်းကွက်တွေပေါက်လာပြီး တဖြည်းဖြည်းပွားလာပါတယ်။ ညှင်းပျောက်အောင်ဘယ်လိုလုပ်ရမလဲ ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ ညှင်းဆိုတာက အရေပြားပေါ်မှာ မှိုကပ်တာတစ်မျိုးပါ။ နေရောင်ခြည်ပြပေးပါ။ ညှင်းပေါက်ရင် ဒန့်ကျွဲစေ့ကိုကျွမ်းအောင်လှော် အမှုန့်ကြိတ်ပြီး သံပရာရည်နဲ့ ဖျော်လိမ်းပါ။ ပျောက်ကင်းနိုင်ပါတယ်။ ဒန့်ကျွဲစေ့မရရင် ကျောကိုနေပူခံပြီး ကြိတ်မှန်ရွက်အရည်ညှစ်ချလိမ်းပေးပါ။

**မေး ။ ။ ဆရာကြီးရှင့် အခုရာသီမှာ ထန်းသီးဆန်တွေ တအားပေါပါတယ်။ ထန်းသီးဆန်အနုလေးတွေကိုခွဲပြီး ရောင်းကြတာတွေလဲရှိပါတယ်။ ထန်းသီးဆန်စားချင်လို့ပါရှင့်။ ထန်းသီးဆန်က အပူကန်တယ်လို့ ပြောတာကြားဖူးပါတယ်။ မှန်ပါသလားရှင့်။ နောက်တစ်ခုက သမီးတို့အမေက ဆီးချိုရောဂါရှိပါတယ်။ အစားမှားရင် ဆီးချိုတက်ပါတယ်။ အမေလဲ ထန်းသီးဆန်စားရင် တည့်ပါသလားရှင့်။**

ဖြေ ။ ။ ထန်းသီးဆန်အနုက အာပေါဓာတ်ကြွယ်ဝတဲ့အစာပါ။ အပူကန်တဲ့ရောဂါ၊ တေဇောဓာတ်လောင်ကျွမ်းတဲ့ရောဂါတွေကို နိုင်နင်းတယ်လို့ ဆေးကျမ်းတွေမှာ အဆိုရှိပါတယ်။ ဒါကြောင့် ရာသီဥတုပူတဲ့အခါ ထန်းသီးဆန်က ဓာတ်စာဖြစ်ပါတယ်။ အပူကန်အနာပေါက်သူတွေ၊ မိတ်အင်ပျဉ်ထတဲ့ရောဂါရှိသူတွေအားလုံး စားသုံးနိုင်ပါတယ်။ ထန်းပင်ကရတဲ့ ထန်းလျက်က ဆီးချိုနဲ့မတည့်ပေမဲ့ ထန်းသီးဆန်က ဆီးချိုရောဂါရှိသူနဲ့လဲ တည့်ပါတယ်။ ထန်းသီးဆန်အနုဟာ အအေးဓာတ်ရှိပြီး ဆီးပူတဲ့ရောဂါ၊ ဆီးအောင့်တဲ့ရောဂါ၊ ကျောက်ကပ်ရောဂါရှိသူတွေလဲ စားသုံးဖို့သင့်တဲ့ ဘေးထွက်ဆိုးကျိုးမရှိတဲ့ သဘာဝအစားအစာအဖြစ် စားသုံးနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# သားမောင့် စိတ်ရင်း

- လူထဲသူထဲ၊ သူ ဆူဆဲ၍
  မာန်မဲနှိမ့်ချ၊ ခံပြင်းလှလည်း
  အမျိုးဘိုးတူ၊ ရန့်ရင်းသူ ဟု
  မြူစူရွာရပ်၊ ထင်ပညတ်နှင့်
  ပုတ်ခတ်မည်ကြောင့်၊ ဒေါသစောင့်သည်
  သားမောင့်စိတ်ရင်း ပါအမေ။

- ပန်းကိုတွေ့လျှင်၊ မွေးကြူချင်၍
  ရေစင်ဆိုက၊ သောက်လိုလှလည်း
  ဆန္ဒထိပ်ရှက်၊ အဆိပ်တက်ကာ
  ရမွက်ပြွမ်းသူ၊ သော့သွမ်းသူ ဟု
  မြူစူရွာရပ်၊ ထင်ပညတ်နှင့်
  မှတ်မှားမည်ကြောင့်၊ လောဘစောင့်သည်
  သားမောင့်စိတ်ရင်း ပါအမေ။

- လောဘဒေါသ၊ မာန်မာနကို
  ရှေးမှုမထုတ်၊ ယို့ယို့ကုပ်လျှက်
  ပခြုပ်တွင်းမြေ့၊ ပမာနေလည်း
  ဌာနနေရပ်ရွာ၊ ကျူးကျော်လာ၍
  လောင်စာရန်ငြိုး၊ သူတို့မျိုးက
  အမျိုးသားမာန်၊ ဇာတိမာန်ဖြင့်
  တို့ပြန်ဖြိုခွင်း၊ သတ္တိသွင်းကာ
  မာန်တင်းဖက်ပြိုင်၊ ရန်ချင်းဆိုင်သော်
  သူနိုင်ငံသား၊ သံမှုန့်စားမှ
  တို့ဓားတုံးမည်၊ မှတ်တော်တည်လေ
  အနီရောင် သွေး၊ ငါတို့သွေး ဟု
  ဆိုရေးကြုံရှိ၊ ဆိုချေဘိလည်း
  ဖမိကောင်းသား၊ ပီသောအားဖြင့်
  တရားမထောင့်၊ စကားစောင့်သည်
  သားမောင့်စိတ်ရင်း ပါအမေ။ ။

**မြင်းမူမောင်နိုင်မိုး**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း ပျားရည်တန်ချိန် ၁၀၀ ကျော် ဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် မေ ၁၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဧပြီလအတွင်း ပျားရည်တန်ချိန် ၁၀၀ ကျော် ဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သတင်းများအရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅ သန်းတန်ဖိုးရှိ ပျားရည် ၁၀၀ ဒသမ ၄၁ တန်ကို ဖောက်သည်ဈေးကွက်နိုင်ငံများသို့တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ပထမဆုံးတင်ပို့ရောင်းချပေးခဲ့ရသည့် ဖောက်သည်ဈေးကွက်နိုင်ငံများမှာ ဂျပန်နှင့်ထိုင်းနိုင်ငံဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ ပျားရည် ၆၀ ဒသမ ၃ တန်နှင့် ဂျပန်နိုင်ငံသို့ ပျားရည် ၄၀ ဒသမ ၁၁ တန် တင်ပို့ ရောင်းချပေးခဲ့ကြောင်း၊ အဆိုပါပျားရည်များကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်လျက်ရှိပြီး ဇွန်လတွင် နှမ်းပျားရည် စတင်ရရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို ဥရောပပျားမျိုးကို ပြည်ပမှ ၁၉၇၉ ခုနှစ်တွင် တင်သွင်းမွေးမြူခဲ့ကာ ယနေ့အချိန်ထိ ပျားမွေးမြူရေးလုပ်ကိုင်သူ ဦးရေ ၉၀၀ ခန့်က ပျားအုံစုစုပေါင်း ၁၉၂၇၇၀ ကို မွေးမြူလျက်ရှိပြီး တစ်နှစ်လျှင် ပျားရည်ထုတ်လုပ်မှု တန်ချိန် ၅၁၅၀ ခန့်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိနေသည့် ပျားရည်များကို ထိုင်း၊ ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံ စသည့် ဖောက်သည်ဈေးကွက်နိုင်ငံများသို့ အဓိက တင်ပို့ရောင်းချပေးလျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းတန်ဖိုးရှိ ပျားရည်တန်ချိန် ၁၉၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။ SKL

# မကွေးမြို့နယ် မြင်ဆိုင်းကျေးရွာ၌ ဆိုင်ကယ်ပြုပြင်သင်တန်းဆင်းပွဲ ကျင်းပ

**မကွေး မေ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းဆင်းပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက မကွေးမြို့နယ် မြင်ဆိုင်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသော ဆိုင်ကယ်ပြုပြင်သင်တန်းနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကာ လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိအသုံးပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းဆင်းပွဲသို့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ မြင်ဆိုင်းကျေးရွာမှ ရပ်မိရပ်ဖများနှင့် သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက ဆိုင်ကယ်ပြုပြင်နည်းပညာများကို မေ ၂ ရက်မှ ၁၆ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့်အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**

# သနပ်ပင်မြို့နယ် ငါးကြီးဝင်းကျေးရွာ၌ ဂဝံကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ငါးကြီးဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်း ဂဝံကျောက်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ငါးကြီးဝင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၉ သန်းဖြင့် ကျေးရွာတွင်း ဂဝံကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဂဝံကျောက်လမ်းအရှည် ပေ ၂၈၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၉ သန်းဖြင့် ကျေးရွာပြည်သူများက လုပ်အားထည့်ဝင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငါးကြီးဝင်းကျေးရွာတွင် ဂဝံကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှ ထွက်ရှိသော ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။

**သုတ**

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယလွှတ်တော်အဆောက်အအုံသစ်ကို မေ ၂၈ ရက်တွင် ဝန်ကြီးချုပ်မိုဒီ ဖွင့်လှစ်ပေးမည်

**ဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံ၏ လွှတ်တော်အဆောက်အအုံသစ်ကို ဝန်ကြီးချုပ်မိုဒီကိုယ်တိုင် ယခုလကုန်ပိုင်းတွင် ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယအောက်လွှတ်တော်က မေ ၁၈ ရက်တွင် ထုတ်ပြန်ထားသည့် ကြေညာချက်အရ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အဆိုပါလွှတ်တော်အဆောက်အအုံသစ်ကို မေ ၂၈ ရက်တွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိလွှတ်တော် အဆောက်အအုံသည် ဗြိတိသျှခေတ်ကာလ ၁၉၂၇ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အမတ်များအတွက် နေရာကျဉ်းကျပ်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

လက်ရှိလွှတ်တော်သည် အောက်လွှတ်တော်အမတ် ၅၄၃ ဦးနှင့် အထက်လွှတ်တော်အမတ် ဦးရေ ၂၅၀ကိုသာနေရာပေးနိုင်သော်လည်း လွှတ်တော်သစ်မှာမူ အောက်လွှတ်တော်အမတ် ၈၈၈ ဦးနှင့် အထက်လွှတ်တော် ဦးရေ ၃၀၀တို့အတွက် နေရာလုံလောက်စွာ ပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယအစိုးရသည် လွှတ်တော်အဆောက်အအုံသစ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ဝန်ကြီးချုပ်မိုဒီကိုယ်တိုင်အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီ၏ နယူးဒေလီမြို့ သမိုင်းဝင် ဗဟိုဗီစတာနယ်မြေ ပြန်လည် ပြုပြင်တည်ဆောက်ရေး အစီအစဉ်အရ လွှတ်တော်သစ်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

နယူးဒေလီ၏ ဗဟိုဗီစတာနယ်မြေသည် လွှတ်တော်၊ သမ္မတနန်းတော်၊ စစ်ပွဲအောက်မေ့ဖွယ်မုခ်ဦးတို့တည်ရှိရာသမိုင်းဝင်နယ်မြေဖြစ်ကြောင်း သိရသည်။ KKO



## ပြန်ပေးဆွဲခံထားရသည့် ရွှေ့ပြောင်း ၄၉ ဦးကို မက္ကဆီကိုစစ်ဘက် ပြန်လည်တွေ့ရှိ

**မက္ကဆီကိုစီးတီး မေ ၁၉**

ပြန်ပေးဆွဲခံခဲ့ရသည့်ရွှေ့ပြောင်းဝင်ရောက်သူ ၄၉ ဦးကို မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက မေ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါရွှေ့ပြောင်းဝင်ရောက်သူများကို စန်လူးဝစ်ပိုတိုဆီပြည်နယ်နှင့် ချူဝိုလီယွန်ပြည်နယ်အတွင်း ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘတ်စကားတစ်စီးပေါ်၌ လိုက်ပါလာစဉ် ပြန်ပေးဆွဲခံခဲ့ရသည့် အဆိုပါ ရွှေ့ပြောင်းဝင်ရောက်သူများကို ရှာဖွေရာတွင် မက္ကဆီကိုစစ်ဘက်မှ လက်နက်ကိုင်တပ်ဖွဲ့ဝင်ရာပေါင်းများစွာ ပါဝင်ခဲ့သည်။


လက်ရှိအချိန်တွင် မက္ကဆီကိုတပ်ဖွဲ့ဝင်များသည် ကျန်ရှိနေနိုင်သည့် ရွှေ့ပြောင်းဝင်ရောက်သူများနှင့် ဘတ်စကားယာဉ်မောင်းတို့ကို ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း မက္ကဆီကိုကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်နိုင်ခဲ့သည့် ရွှေ့ပြောင်း ဝင်ရောက်သူများမှာ ဟွန်ဒူးရပ်စ်၊ ဟေတီ၊ ဗင်နီဇွဲလား၊ အယ်လ်ဆာဗေဒိုး၊ ဘရာဇီးနှင့် ကျူးဘားနိုင်ငံတို့မှ ရွှေ့ပြောင်းဝင်ရောက်သူများဖြစ်ကြသည်။

လက်တင် အမေရိကဒေသမှ ရွှေ့ပြောင်း ဝင်ရောက်သူများသည် မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းလေ့ရှိရာ မက္ကဆီကိုရာဇဝတ်ဂိုဏ်းများ၏ ပစ်မှတ်သားကောင်များ ဖြစ်သွားတတ်ကြောင်း သိရသည်။

KKO

## ဗဟိုအာရှဖွံ့ဖြိုးရေးမဟာစီမံချက်တစ်ရပ်ကို ရှီယန်းညီလာခံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင် ကြေညာ



**ပေကျင်း မေ ၁၉**

ဗဟိုအာရှနိုင်ငံများမှခေါင်းဆောင်များနှင့် ယနေ့တွင် ကျင်းပခဲ့သော ထိပ်သီးဆွေးနွေးပွဲ၌ တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗဟိုအာရှဖွံ့ဖြိုးရေး မဟာစီမံချက်တစ်ရပ်ကို ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဗဟိုအာရှဖွံ့ဖြိုးရေး မဟာစီမံချက်တွင် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းမှသည် ကုန်သွယ်မှုမြှင့်တင်ရေးထိ အစီအစဉ်အမျိုးမျိုးပါဝင်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ဗဟိုအာရှနိုင်ငံများနှင့် ဖွံ့ဖြိုးရေးမဟာဗျူဟာများ ညှိနှိုင်းဖော်ဆောင်ရန် အသင့်ရှိကြောင်း သမ္မတ ရှီကျင့်ဖျင်က တရုတ်-ဗဟိုအာရှထိပ်သီးဆွေးနွေးပွဲမိန့်ခွန်း၌ ပြောကြားခဲ့သည်။

ဗဟိုအာရှဖွံ့ဖြိုးရေးမဟာစီမံချက်ဖြင့် တရုတ်နိုင်ငံသည် အစဉ်အလာအရ ရုရှားဩဇာလွှမ်းမိုးသည့် ဗဟိုအာရှဒေသ၌ ဦးဆောင်မှုအခန်းကဏ္ဍသစ်ရယူနိုင်မည်ဖြစ်သည်။

ဗဟိုအာရှနိုင်ငံ ငါးနိုင်ငံဖြစ်သည့် ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများသည် တရုတ်နိုင်ငံအတွက် လိုအပ်သည့် ကုန်သွယ်ရေး စင်္ကြံလမ်းကြောင်းသစ်များတည်ရှိရာ နိုင်ငံများဖြစ်ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗဟိုအာရှ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲများကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှီအန်းရှေးဟောင်းမြို့၌ မေ ၁၈ ရက်နှင့် ယနေ့တို့တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံတက်ရောက်ရန် ဆီးရီးယားသမ္မတ အာဆတ် ဆော်ဒီအာရေဗျနိုင်ငံသို့ရောက်ရှိ

**ဂျက်ဒါး မေ ၁၉**

ဆီးရီးယားသမ္မတ အာဆတ်သည် အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့သို့ မေ ၁၈ ရက်တွင် ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတ အာဆတ်သည် အခြားအာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ယနေ့တွင် ကျင်းပမည့် အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ၌ ပါဝင်တက်ရောက်မည်ဖြစ်သည်။

ဆီးရီးယားသမ္မတ အာဆတ်သည် ၁၀ နှစ်ကျော်ကြာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အာရပ်အဖွဲ့ချုပ်ထိပ်သီးညီလာခံ၌ ပါဝင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်တွင် အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ထုတ်ပယ်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင် အာရပ်နိုင်ငံများသည် ဆီးရီးယားအစိုးရနှင့်ပုံမှန်ဆက်ဆံရေးပြန်လည်ထားရှိရန် ကြိုးစားလာခဲ့သည်။

အာရပ်အဖွဲ့ချုပ် နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများသည် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်၌ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ပြန်လည်ပါဝင်ခွင့်ပေးရန် ယခုလအတွင်း ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

KKO

## ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ၏ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတန်ဖိုး ရူပီးတစ်ထရီလီယံ ကျော်လွန်ခဲ့

**ဒေလီ မေ ၁၉**

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတန်ဖိုးမှာ ၁၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရူပီး တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ)ထိရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြီးခဲ့သည့် ဘဏ္ဍာနှစ် လက်နက်ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကို ပထမဆုံးအကြိမ်ကျော်လွန်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။



အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ယခုနှစ် မတ်လတွင် ပြီးဆုံးခဲ့သော ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းလက်နက် ထုတ်လုပ်မှုတန်ဖိုးမှာ ရူပီး ၁ ဒသမ ၀၇ ထရီလီယံထိရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် စစ်လက်နက်လိုအပ်ချက်အတွက် ပြည်ပမှ မှာယူတင်သွင်းနေရသော လက်နက်များအပေါ် မှီခိုနေရမှုကို လျှော့ချရန် ကြိုးစားလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာပေါ်၌ လက်နက်ခဲယမ်းအများဆုံးဝယ်ယူတင်သွင်းသူနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

သို့သော် အိန္ဒိယနိုင်ငံသည် ပြည်ပမှတင်သွင်းရသော လက်နက်များအပေါ် မှီခိုနေရမှုကို လျှော့ချရေးအတွက် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်း အများအပြားကို လုပ်ငန်းလိုင်စင်အများအပြားထုတ်ပေးထားကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပိုလန်က ရုရှားနယ်စပ်အနီး HIMARS ဒုံးကျည်စနစ်များ ဖြန့်ကြက်ချထားရန်စီစဉ်



ပိုလန်နိုင်ငံသည် အမေရိကန်ထုတ် HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ် ပထမအသုတ်ကို လက်ခံရရှိခဲ့ပြီး ရုရှားနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဒေသများတွင် ဖြန့်ကြက်ချထားရန်စီစဉ်ထားကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က မေ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

"ဒီလက်နက်စနစ်ကို ကျွန်တော်တို့နိုင်ငံ အရှေ့မြောက်ပိုင်းမှာဖြန့်ကြက်ထားမှာဖြစ်ပြီး ရန်သူကိုတားဆီးဖို့ရည်ရွယ်ပါတယ်"ဟု ပိုလန်ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak ကသတင်းထောက်များကို ပြောကြားခဲ့သည်။

မတ်လတွင် ပိုလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံ Kaliningrad နယ်မြေနှင့် နယ်စပ်မှကီလိုမီတာ ၈၀ (မိုင် ၅၀ ခန့်) ကွာဝေးသော Olsztyn ဒေသ တပ်စခန်းတွင် တာဝေးပစ် တိကျဒုံးကျည်စနစ်များကို တပ်ဖြန့်ချထားသွားမည်ဟု ပြောကြားခဲ့ဖူးသည်။

Blaszczak က HIMARS ဒုံးပစ်လောင်ချာများသည် ပိုလန်၏အရှေ့ဘက်ခြမ်းနှင့် မြောက်အတ္တလန္တိတ်မဟာမိတ်အဖွဲ့၏ အရှေ့ဘက်ခြမ်းတွင် ပိုလန်စစ်ဘက်ကို အားဖြည့်ပေးထားနိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

ပိုလန်သည် HIMARS အစီး ၂၀ ကို ၂၀၁၉ ခုနှစ်တွင် အမေရိကန်ထံမှ ဝယ်ယူခဲ့ပြီး ယခုအခါ စနစ်များအတွက် ပထမဆုံးလွှဲပြောင်းပေးပို့မှုကို လက်ခံရရှိခဲ့ခြင်းလည်းဖြစ်သည်။ သို့သော် ပိုလန်နိုင်ငံသည် HIMARS ဒုံးပစ်လောင်ချာများ ပိုမိုရရှိရန် အမေရိကန်နှင့်ထပ်မံညှိနှိုင်းခဲ့သည်ဟု ဆိုသည်။

"အမေရိကန် ကွန်ဂရက်လွှတ်တော်က ပိုလန်ကို ဒုံးပစ်လောင်ချာ ၅၀၀ လောက်ရောင်းချဖို့ အတည်ပြုပေးလိုက်ပါတယ်။ အတွဲလိုက်ဒုံးပစ်လောင်ချာတွေကို ပိုလန်ကို တတ်နိုင်သမျှ အမြန်ဆုံးပေးပို့ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလို ထပ်မံညှိနှိုင်းထားတဲ့စာချုပ်သစ်အရ HIMARS ဒုံးပစ်လောင်ချာတွေနဲ့ ဒုံးကျည်တွေ ပိုလန်မှာ ပူးပေါင်းထုတ်လုပ်နိုင်ဖို့ဆိုတဲ့ အချက်ကို သေချာစေချင်ပါတယ်။ ဒါက ကျွန်တော်တို့ ချမှတ်ထားတဲ့ပန်းတိုင်ပါ"ဟု Blaszczak က ပြောပြသည်။

**Poland Gets First HIMARS Rocket Systems to Deploy Near Russian Border ကို ဘာသာပြန်ဆိုထားပါသည်။**

## Kiev ရှိ Patriot လေကြောင်းရန်ကာကွယ်ရေးအခြေစိုက်စခန်းကို Hypersonic ဒုံးကျည်များဖြင့် ရုရှားတိုက်ခိုက်

ရုရှားတပ်ဖွဲ့များသည် ကီယက်ဗ်ရှိ Patriot လေကြောင်းရန်ကာကွယ်ရေး အခြေစိုက်စခန်းကို Hypersonic ဒုံးကျည်များဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားစစ်ဘက်က အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ အနောက်နိုင်ငံများမှ ပေးအပ်ထားသည့် တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပထမဆုံးအကြိမ် ထိမှန်ဖျက်ဆီးနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များ၏ အကြီးစားဒုံးကျည်တိုက်ခိုက်မှုကို ခုခံကာကွယ်နိုင်ခဲ့ပြီး အခြားသော ဝေဟင်ပစ်မှတ် အမျိုးမျိုးအပြင် Kinzhal ဒုံးကျည်ခြောက်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်က မေ ၁၆ ရက်တွင် အခိုင်အမာပြောကြားခဲ့သည်။

ယူကရိန်းတပ်ဖွဲ့ဝင်များ၏ တည်နေရာများနှင့် အနောက်နိုင်ငံများမှ ပေးပို့သောလက်နက်များ၊ ခဲယမ်းများနှင့်စစ်ဘက်ဆိုင်ရာပစ္စည်းများ သိုလှောင်ရာနေရာများအပါအဝင် စစ်ဘက်ဆိုင်ရာပစ်မှတ်များကို တာဝေးပစ်တိကျလက်နက်များကို အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၆ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံမြို့တော် ကီယက်ဗ်တွင် တပ်ဖြန့်ချထားသော Patriot လေကြောင်းရန်ကာကွယ်ရေးအခြေစိုက်စခန်းမှ ဝင်ရောက်တိုက်ခိုက်လာသော ရုရှားတို့ဘက်မှ ဒုံးကျည်ပစ်မှတ်များကို ဒုံးကျည်အမြောက်အများဖြင့် တုံ့ပြန်ပစ်လွှတ်တိုက်ခိုက်နေသည့် ဗီဒီယိုဖိုင်တစ်ခု ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရသည်။ ထိုဗီဒီယိုဖိုင်၌ စက္ကန့်ပိုင်းအကြာတွင် အဆိုပါဧရိယာအတွင်း ကြီးမားသောပေါက်ကွဲမှုကြီး ဖြစ်ပေါ်သည်ကိုလည်း တွေ့မြင်လိုက်ရသည်။

Kinzhal ဒုံးကျည်ကို Patriot စနစ်အားအသုံးပြု၍ ပထမဆုံးအကြိမ် ပစ်ချနိုင်ခဲ့ကြောင်း ယူကရိန်းအစိုးရက ပြီးခဲ့သည့် သီတင်းပတ်တွင် ပြောကြားခဲ့သည်။ Kinzhal ဒုံးကျည်သည် Hypersonic လက်နက်ဖြစ်ပြီး ၎င်းကိုကြားဖြတ်ဟန့်တားရန် လက်တွေ့မဖြစ်နိုင်ပေ။

ရုရှားနိုင်ငံပိုင် မီဒီယာများနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အင်တာဗျူးမေးမြန်းမှုများတွင် ယူကရိန်းဘက်က ပြောဆိုချက်များသည် စိတ်ကူးယဉ်ဆန်လွန်းသော ဆန္ဒတစ်ခုသာဖြစ်ကြောင်း ပယ်ချခဲ့ကြသည်။

အချို့သော သတင်းမီဒီယာများက ယူကရိန်းသည် ဝေဟင်မှပစ်လွှတ်တိုက်ခိုက်



နိုင်သည့် Kinzhal ဒုံးကျည်နှင့်ဒီဇိုင်းအင်္ဂါရပ်အချို့ကို တူညီပုံရသော အလျင်နှုန်းပိုမိုနည်းသည့် မြေပြင်ပစ် Iskander ဒုံးကျည်အပျက်အစီးပုံများကို မှားယွင်းစွာ ကိုးကားဖော်ပြနေခြင်းဖြစ်သည်ဟု အစီရင်ခံရေးသားထားကြသည်။

**Patriot missile base in Kiev destroyed by hypersonic strike – Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## NATO က မြောက်အတ္တလန္တိတ်ဒေသတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး အကြီးစားစစ်ရေးလေ့ကျင့်မှုပြုလုပ်



NATO သည် မြောက်အတ္တလန္တိတ်ဒေသများဖြစ်သည့် နော်ဝေ၊ အိုက်စလန်နှင့် ဖာရိုးကျွန်းစုများ၏ ရေပြင်ပိုင်နက်တစ်လျှောက်တွင် ၎င်း၏အကြီးမားဆုံး ရေငုပ်သင်္ဘောတိုက်ဖျက်ရေး အကြီးစားစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိကြောင်း https:// www. thedefense-post.com/ သတင်းရင်းမြစ်က မေ ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

အိုက်စလန်နိုင်ငံက ဦးစီးပြုလုပ်သော အဆိုပါ Dynamic Mongoose စစ်ရေးလေ့ကျင့်မှုသည် ၁၁ ရက်ကြာမြင့်ပြီး ပင်လယ်ရေမျက်နှာပြင်အောက်ရှိ ခြိမ်းခြောက်မှုများကိုခြေရာခံကာ ဖျက်ဆီးပစ်ရန်ရည်ရွယ်သည်ဟု ထုတ်ပြန်ထားသည်။ ထိုရေငုပ်သင်္ဘောတိုက်ဖျက်ရေး အကြီးစားစစ်ရေးလေ့ကျင့်မှုတွင် NATO အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်သင်္ဘော ၁၅ စီးနှင့်ရေကြောင်း ကင်းလှည့်လေယာဉ် ခုနစ်စင်းတို့ပါဝင်ခဲ့ကြသည်။

တန်ပြန် ရေငုပ်သင်္ဘောလေ့ကျင့်မှုအတွင်း ရရှိခဲ့သောကျွမ်းကျင်မှုနှင့်အတွေ့အကြုံများကို အနာဂတ်ရှေ့တန်းစစ်ဆင်ရေးများနှင့် ဆက်စပ်လေ့ကျင့်မှုများတွင် အသုံးချသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ NATO မဟာမိတ်များကို ပံ့ပိုးကူညီရန်အတွက် ဤအတွေ့အကြုံနှင့် ဗဟုသုတများကို လက်တွေ့လေ့ကျင့်ပြုလုပ်နိုင်ခြင်းဖြင့် ကျွန်ုပ်တို့၏ မဟာမိတ် မိတ်ဖက်များနှင့်လက်တွဲ၍ တန်ဖိုးရှိသော သင်ခန်းစာများကို ရရှိစေမည်ဖြစ်ကာ အားလုံးအတွက် အကျိုးရှိသည်ဟု တော်ဝင်ရေတပ်၊ ရေအောက်စစ်ဆင်ရေးအကြီးအကဲ Chris Griffiths က ရှင်းလင်းပြောကြားသည်။

လေ့ကျင့်မှုများအတွင်း တော်ဝင်ရေတပ်သည် HMS Northumberland ၏ အဆင့်မြင့် ဆိုနာထောက်လှမ်းရေးစနစ်များကို အသုံးပြုလုပ်ဆောင်ခဲ့ကြသည်။ Type 23 ဖရီးဂိတ်သင်္ဘောကို Merlin ရေငုပ်သင်္ဘော ရှာဖွေထောက်လှမ်းရေး ရဟတ်ယာဉ်များနှင့် အထူးတာဝန်ထမ်းဆောင်နေသည့် အမှတ် (၈၁၄) ရေတပ်လေကြောင်းအုပ်နှင့်အတူ တပ်ဖြန့်လေ့ကျင့်ခဲ့ကြသည်။

NATO ၏ အကြီးစားစစ်ရေးလေ့ကျင့်မှုတွင် ဗြိတိသျှ Tideforce လောင်စာဆီဖြည့်တင်းရေးသင်္ဘောသည်လည်း ပါဝင်ခဲ့ပြီး မဟာမိတ်အဖွဲ့အတွက် အုပ်ချုပ်ထောက်ပံ့မှု ပြန်လည်ဖြည့်တင်းရေးများကို ပါဝင်ဆောင်ရွက်ပေးခဲ့သည်။

"မြောက်အတ္တလန္တိတ်မှာ သင်္ဘောအတွက်ကော၊ စစ်ဆင်ရေးတပ်ဖွဲ့တွေအတွက်ကော ဘယ်သူ့အတွက်မဆို အမြဲတမ်း ခက်ခဲတဲ့ ပတ်ဝန်းကျင်တစ်ခုပါ။ လိုအပ်တဲ့အခါ ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်တွေကို သေချာသိချင်တယ်ဆိုရင် ဒီလိုနယ်ပယ်ရဲ့ စိန်ခေါ်မှုတွေမှာ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ထုတ်ဖော်ပြသနိုင်ဖို့ လိုပါတယ်"ဟု Tideforce ရေယာဉ်မှူး Capt. Chris Clarke ကကထည့်သွင်းပြောကြားခဲ့သည်။

**NATO Conducts Largest Anti-Submarine Training in North Atlantic ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၇) ပွဲကြိုသုံးသပ်ချက်များ

ML

**ဝက်စ်ဟမ်း Vs လိဒ်**

**ကစားမည့်ရက်/အချိန် ၂၁-၅-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိဒ် ၂ - ၂ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝက်စ်ဟမ်း** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **လိဒ်** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

ဝက်စ်ဟမ်းအသင်းဟာ တန်းဆင်းဇုန်ကလွတ်ဖို့ ရမှတ်လိုအပ်နေသေးတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ အနည်းဆုံးသရေရလဒ်ရရှိဖို့ကြိုးစားလာမှာသေချာပါတယ်။ လိဒ်အသင်းကလဲ တန်းမဆင်းရဖို့အတွက် ပြိုင်ပွဲတိုင်းကို ရမှတ်ရှာဖွေဖို့ကြိုးစားနေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ အခုပွဲမှာ နှစ်သင်းစလုံးအမှားခံလို့မရပေမဲ့ တွေ့ဆုံမှုနဲ့အိမ်ကွင်းအားသာချက်ရှိတဲ့ ဝက်စ်ဟမ်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၂ – ၁ လိဒ်**

**ဘရိုက်တန် Vs ဆောက်သမ်တန်**

**ကစားမည့်ရက်/အချိန် ၂၁-၅-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆောက်သမ်တန် ၁ – ၃ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘရိုက်တန်** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** |
| **ဆောက်သမ်တန်** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

ဒဏ်ရာရကစားသမားများနေတဲ့ ဘရိုက်တန်ဟာ ဥရောပဝင်ခွင့်ရနိုင်ပေမဲ့ ကြားရက်က နယူးကာဆယ်ကို ရှုံးခဲ့တာကြောင့် အခုပွဲစဉ်ကို အနိုင်ရမှသာ ဥရောပကစားခွင့်ရဖို့သေချာမှာပါ။ လက်ရှိဆောက်သမ်တန်ကတော့ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် တန်းဆင်းခဲ့ရသလို အခုပွဲစဉ်ကိုလဲ ဂိုးမပြတ်ဖို့သာ ကြိုးစားရမှာပါ။ ဒါကြောင့် ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဘရိုက်တန်အသင်းပဲ နိုင်ပွဲရှာတွေ့မှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၂ – ၀ ဆောက်သမ်တန်**

## အီတလီစီးရီးအေ ပွဲစဉ် (၃၆) ပွဲကြိုသုံးသပ်ချက်

ML

**တိုရီနို Vs ဖီအိုရင်တီးနား**

**ကစားမည့်ရက်/အချိန် ၂၁-၅-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖီအိုရင်တီးနား ၂ – ၁ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **တိုရီနို** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **ဖီအိုရင်တီးနား** | – | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

တိုရီနိုဟာ အဝေးကွင်းကစားပုံကောင်းနေပေမဲ့ အိမ်ကွင်းမှာတော့ ခံစစ်ကစားပုံကျဆင်းနေတာကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိပါဘူး။ လက်ရှိ ဖီအိုရင်တီးနားအနေနဲ့ ရမှတ်လိုအပ်ချက်မရှိသလို ကြားရက်က ဥရောပပွဲကစားထားလို့ ပွဲပန်းနေပေမဲ့ အဝေးကွင်းကစားပုံတော့ ထက်မြက်မှုရှိပါတယ်။ ဒါကြောင့် အဝေးကွင်းမှာ အနည်းဆုံး သရေကစားလာမဲ့ ဖီအိုရင်တီးနားကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – တိုရီနို ၁ – ၁ ဖီအိုရင်တီးနား**

### အားကစားသတင်း အတိုအထွာများ

- အယ်ခမာအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဝက်စ်ဟမ်းအသင်း ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်ခဲ့ကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် စပါးအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား လူးကပ်မော်ရာက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

## ယူရိုပါလိဂ်ပြိုင်ပွဲတွင် ရိုးမားအသင်းနှင့် ဆီဗီလာအသင်းတို့ ဗိုလ်လုပွဲတက်ရောက်




**ဘာလင် မေ ၁၉**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အပြီးတွင် လေဗာကူဆင်အသင်းကို အနိုင်ရခဲ့သည့် ရိုးမားအသင်းနှင့်ဂျူဗင်တပ်အသင်းကိုအနိုင်ရခဲ့သည့် ဆီဗီလာအသင်းတို့ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီမီးဖိုင်နယ်အဆင့်တွင် ရိုးမားအသင်းက လေဗာကူဆင်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပထမအကျော့တွင် တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဒုတိယအကျော့တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ ဂျူဗင်တပ်အသင်းနှင့်တွေ့ဆုံခဲ့သည့် ဆီဗီလာအသင်းက ပထမအကျော့တွင် တစ်ဂိုးစီသရေ၊ ဒုတိယအကျော့တွင် အချိန်ပိုသွင်းဂိုးဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ကာ နှစ်ကျော့ပေါင်း ရလဒ်သုံးဂိုးနှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းသည် နည်းပြမော်ရင်ဟိုလက်ထက်တွင် အောင်မြင်မှုရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်က ယူရိုပါကွန်ဖရင့်လိဂ် ဆုဖလားရရှိခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း ယူရိုပါလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကာ ဆုဖလားရရှိပါက သမိုင်းတစ်လျှောက် ပထမဆုံးယူရိုပါလိဂ်ဖလားရရှိသည့် အသင်းအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ဆီဗီလာ အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆုဖလားလေးကြိမ်ဖြင့် အောင်မြင်မှုအရှိဆုံးအသင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ၁၆ သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသော်လည်း ယခုနှစ်တွင် ခြေစွမ်းပိုင်းတိုးတက်လာသောကြောင့် ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ပြီး ငါးကြိမ်မြောက်ချန်ပီယံဆုဆွတ်ခူးရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ML

## ချန်ပီယံလိဂ်ပြိုင်ပွဲ နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် တတိယမြောက်နည်းပြအဖြစ် နည်းပြ ဂွါဒီယိုလာမှတ်တမ်းဝင်

**မန်ချက်စတာ မေ ၁၉**

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်အပြီးတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက အိမ်ကွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်အတွက် နည်းပြ ဂွါဒီယိုလာသည်လည်း ပရော်ဖက်ရှင်နယ်နည်းပြဘဝ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲ ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂွါဒီယိုလာမတိုင်မီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲ ၁၀၀ နှင့်အထက်ရရှိထားသည့် နည်းပြများအဖြစ် လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက ချန်ပီယံလိဂ်ပွဲစဉ် ၁၉၁ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် နိုင်ပွဲ ၁၀၇ ပွဲရရှိခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် နိုင်ပွဲအများဆုံး နည်းပြအဖြစ် ရပ်တည်နေပြီး နည်းပြအန်ဆယ်လော့တီနောက်တွင် မန်ယူအသင်း ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်က ပွဲပေါင်း ၁၉၀ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် နိုင်ပွဲ ၁၀၂ ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကာ ယခုအခါနည်းပြ ဂွါဒီယိုလာက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၁၆၀ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် နိုင်ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည့် တတိယမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

STA

## ဆီးဂိမ်းဗိုလ်လုပွဲစဉ်မှဖြစ်ရပ်အတွက် အာရှဘောလုံးအဖွဲ့ချုပ်က အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ကိုအရေးယူရန် စစ်ဆေးနေ

**ကွာလာလမ်ပူ မေ ၁၉**

အာရှ ဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့ပွဲစဉ်မှ ခိုက်ရန်ဖြစ်ပွားမှုများအတွက် အရေးယူမှုပြုလုပ်ရန် စုံစမ်းစစ်ဆေးလျက်ရှိနေသည်ဟု ASEAN Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့သည် ပွဲချိန် မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေရလဒ်ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင် အင်ဒိုနီးရှားအသင်းက သုံးဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အင်ဒိုနီးရှားအသင်းက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်းပြိုင်ပွဲ) ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၏ ပွဲချိန် မိနစ် ၉၀ တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရာ ပွဲချိန် ၉၁ မိနစ်တွင် အင်ဒိုနီးရှားအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး အောင်ပွဲခံချိန်တွင် နှစ်ဖက်အသင်း နည်းပြအဖွဲ့ဝင်များနှင့် အရန်ကစားသမားများခိုက်ရန်ဖြစ်ပွားခဲ့ကြပြီးနောက် ကွင်းအတွင်းမှ ကစားသမားများလည်းပါဝင်လာခဲ့ကြခြင်းဖြစ်သည်။




အဆိုပါပွဲစဉ်မှဖြစ်ရပ်အတွက် ကွင်းလယ်ဒိုင်လူကြီးက အင်ဒိုနီးရှားအသင်းမှ ကစားသမားတစ်ဦးနှင့် ထိုင်းအသင်းမှ ကစားသမား သုံးဦးကို ထုတ်ပယ်ခဲ့သည့်အပြင် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့မှ နည်းပြအဖွဲ့နှစ်ဦးကိုလည်း အနီကတ်ပြထုတ်ပယ်ခဲ့သည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုကြောင့် နှစ်ဖက်အသင်းမှနည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများအကြား ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်အတော်ကြာ ထိန်းသိမ်းခဲ့ရပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ရုပ်အဆိုးဆုံးဖြစ်ရပ်ဖြစ်ကာ လက်ရှိတွင် အာရှဘောလုံးအဖွဲ့ချုပ်က နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်များကို အရေးယူရန်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

STA

# အနောက်အုပ်စု၏ လက်နက်နှင့်နည်းပညာများ စမ်းသပ်ရန်နေရာဖြစ်လာသော ယူကရိန်းနိုင်ငံ



ယူကရိန်းသမ္မတ ဇီလန်စကီးသည် ရုရှားနိုင်ငံကို ခုခံတိုက်ခိုက်နိုင်ရေးအတွက် အဆင့်မြင့် တိုက်လေယာဉ်များ ထောက်ပံ့ကူညီပေးရန် အမေရိကန်၊ ဗြိတိန်နှင့် အခြားသောမဟာမိတ်နိုင်ငံများထံမှ အနူးအညွတ် တောင်းဆိုလျက်ရှိသည်။ အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့က ယူကရိန်းနိုင်ငံသို့ အကြီးစားတင့်ကားအစီး ၃၀၀ ကျော် ပေးပို့ကူညီသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် တိုက်လေယာဉ်များ အကူအညီတောင်းခံမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ အကယ်၍ အမေရိကန်နှင့်မဟာမိတ်များက တိုက်လေယာဉ်များကူညီပေးသွားမည်ဆိုလျှင် ပဋိပက္ခအလားအလာ ပြောင်းလဲသွားနိုင်သည်ဟု ယူကရိန်းသမ္မတက မျှော်မှန်းထားရှိသည်။

လေ့လာသုံးသပ်သူများကမူ နောက်ဆုံးပေါ်လက်နက်များ တိုးမြှင့်ကူညီပေးခြင်းသည် မဟာဗျူဟာအကြောင်းပြချက်များအတွက် ကောင်းမွန်သောစိတ်ကူးစိတ်သန်းဖြစ်သလား၊ သို့တည်းမဟုတ် ထိုသို့ လက်နက်အသစ်အဆန်းများ ပေးပို့ကူညီခြင်းသည် ပဋိပက္ခကိုပိုမိုကြီးထွားလာစေသလားဆိုသော အချက်ကို အလေးထားသုံးသပ်လျက်ရှိကြသည်။

ထို့ပြင် ယူကရိန်းနိုင်ငံသို့ ကူညီပေးပို့နေသော နည်းပညာများသည် နိုင်ငံတကာဥပဒေနှင့်ကိုက်ညီမှုရှိသလားဆိုသော အချက်အပေါ်တွင်လည်း အာရုံစိုက်မှုနည်းပါးနေသည်ကို တွေ့ရှိရသည်။ ယူကရိန်းနိုင်ငံတွင် စမ်းသပ်မှုမပြုလုပ်ရသေးသော နည်းပညာအသစ်အဆန်းများ အသုံးပြုခြင်းသည် ပြဿနာဖြစ်ပွားလာနိုင်ပြီး တရားဥပဒေနှင့်လည်း ဆန့်ကျင်လျက်ရှိသည်။ သာဓကအနေဖြင့် စစ်လက်နက်အကူအညီများ ပေးအပ်ခြင်းသည် ဒုတိယအကျိုးစီးပွားဖြစ်နိုင်ပြီး ပဋိပက္ခတွင် နည်းပညာများ စမ်းသပ်အသုံးပြုခြင်းသည်သာလျှင် ၎င်းတို့၏ အမှန်တကယ်အကျိုးစီးပွားဖြစ်နိုင်ပေသည်။ ထိုသို့ လက်နက်အသစ်အဆန်းနှင့် နည်းပညာများ စမ်းသပ်ခြင်းသည် အရပ်သားများကို ဒုက္ခပေးနိုင်သည့်အပြင် ယူကရိန်းနိုင်ငံရှိ အခြေခံအဆောက်အအုံများကိုလည်း ပျက်စီးဆုံးရှုံးမှုဖြစ်ပွားစေနိုင်သည်။ ထို့ပြင် နှစ်ဖက်စလုံးမှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များကိုလည်း မလိုလားအပ်သော ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်သည်။

ယူကရိန်းနိုင်ငံတွင် အသုံးပြုနေသော လက်နက်နည်းပညာအများစုသည် ထိန်းချုပ်ကန့်သတ်ထားသောနေရာများ သို့မဟုတ် ကွန်ပျူတာစနစ်တို့ဖြင့် စမ်းသပ်ထားပြီးဖြစ်သည်ဟု ဆိုသည်။ ကမ္ဘာ့တပ်မတော်များသည် နည်းပညာအသစ်အဆန်းများ ဘေးကင်းလုံခြုံမှုနှင့် တရားဝင်ဖြစ်မှုတို့အတွက် စမ်းသပ်မှုများ အမြဲတစေ လုပ်ဆောင်လေ့ရှိကြသည်။ သို့သော် ပဋိပက္ခဖြစ်ပွားနေသည့် အခြေအနေမျိုးတွင် လက်တွေ့စမ်းသပ်အသုံးပြုသော လက်နက်များသည် အလုပ်ရုံတွင် စမ်းသပ်မှုများကို ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်ခြင်း မရှိကြပေ။

ရုရှားနိုင်ငံအနေဖြင့်လည်း စစ်မြေပြင်လိုအပ်ချက်အရ မဟာမိတ်နိုင်ငံများထံမှ လက်နက်များ တင်သွင်းရလျက်ရှိသည်။ အထူးသဖြင့် အီရန်မှ Shahed-131 နှင့် 136 Kamikaze ဒရုန်းများကို ယူကရိန်းနိုင်ငံတွင် စမ်းသပ်အသုံးပြုရလျက်ရှိသည်။ လက်ရှိအချိန်တွင်မောင်းသူမဲ့ဒရုန်းများသည် စစ်ဘက်ဆိုင်ရာဥပဒေများနှင့် ကိုက်ညီမှုရှိသလားဆိုသော စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။ အထူးသဖြင့် မောင်းသူမဲ့ဒရုန်းများသည် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားပြည်သူများကို ခွဲခြားနိုင်စွမ်းရှိသလားဆိုသော စိုးရိမ်ပူပန်မှုလည်းမြင့်တက်လျက်ရှိသည်။

သို့သော် ရုရှားနိုင်ငံသည် ဒရုန်းများ၏တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် ယခင်က လက်နက်များနှင့် နည်းပညာအသစ်များ စမ်းသပ်မှုကို တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသော်လည်း ယူကရိန်းပဋိပက္ခအတွင်း၌ နည်းပညာအသစ်များ စမ်းသပ်ရန် အချိန်ကန့်သတ်ချက်များ ရှိလာခဲ့သည်။

ယူကရိန်းနိုင်ငံအနေဖြင့်လည်း တူရကီနိုင်ငံမှရရှိသည့် Kargu-2 နှင့် Bayraktar TB-2 အဆင့်မြင့် ဒရုန်းများအသုံးပြုလျက်ရှိသည်။ ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအစီရင်ခံစာအရ လစ်ဗျားနိုင်ငံတွင်လည်း အလားတူ ဒရုန်းများအသုံးပြုခဲ့ကြောင်း၊ ၎င်းဒရုန်းများ၏ စွမ်းဆောင်ရည်နှင့် သတ်မှတ်ပစ်မှတ်အပေါ် စုံစမ်းထောက်လှမ်းနိုင်မှုစွမ်းရည်သည် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဥပဒေများနှင့် ကိုက်ညီမှုရှိသလားဆိုသော စိုးရိမ်ပူပန်မှုမြင့်တက်ခဲ့ရကြောင်း ဖော်ပြထားသည်။

အနောက်အုပ်စုမှ လက်နက်အသစ်အဆန်းများသည် လက်ရှိအချိန်ထိ ယူကရိန်းနိုင်ငံကို ကျားကန်ပေးလျက်ရှိသည်။ အနောက်အုပ်စုမှ ထောက်ပံ့ကူညီပေးပို့သော လက်နက်များသည် ယူကရိန်းပဋိပက္ခတွင် များစွာ အရေးပါလျက်ရှိသည်။ နိုင်ငံပေါင်း ၃၂ နိုင်ငံကျော်မှ ယူကရိန်းနိုင်ငံသို့ လက်နက်များ ကူညီပေးပို့လျက်ရှိသည်။ သို့သော် အဆင့်မြင့်စစ်လက်နက်များ အသုံးပြုခြင်းသည် ပြည်သူများနှင့် တိုက်ပွဲဝင်တပ်ဖွဲ့များအပေါ် ထိခိုက်မှုလျှော့ချနိုင်ရမည်ဖြစ်သည်။ နှစ်ဖက်စလုံးသည် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဥပဒေများနှင့်ကိုက်ညီရမည်ဖြစ်ပြီး နှစ်ဖက်စလုံးကို အဆိုပါဥပဒေအရ အကာအကွယ်ပေးထားရန်လည်း လိုအပ်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသောဥပဒေကို ကျင့်သုံးသွားရန် လိုအပ်သည်။ လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုကို လူသားများသာ ခံစားကြရသည်။ နှစ်ဖက်စလုံးမှ တိုက်ပွဲဝင်တပ်ဖွဲ့များသည်ပင်လျှင် လူသားများဖြစ်ကြသည်။ အရပ်သားများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများအပေါ် ထိခိုက်မှုလျှော့ချသွားရန် လိုအပ်သည်။ လက်နက်များကို စမ်းသပ်အကဲဖြတ်သည့်အချိန်တွင် နိုင်ငံတကာဥပဒေများသည် ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်စွမ်းမရှိပေ။

ဂျီနီဗာကွန်ဗင်းရှင်း နောက်ဆက်တွဲပဋိညာဉ် (Additional Protocol I to the Geneva Conventions)ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် လက်နက်များစမ်းသပ်မှုနှင့် ပဋိပက္ခတစ်ခုဆင်နွှဲရသည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပေသည်။ သို့သော် နိုင်ငံများသည် ထိုပဋိညာဉ်ကို တိတိကျကျလိုက်နာဆောင်ရွက်မှုအားနည်းလျက်ရှိသည်။ ဩစတြေးလျကဲ့သို့သော နိုင်ငံတချို့အနေဖြင့် အဆိုပါပဋိညာဉ်ကိုလိုက်နာကာ လက်နက်များ ထုတ်လုပ်စမ်းသပ်မှုကို ထုတ်ပြန်လေ့ရှိသည်။ တချို့သောနိုင်ငံများသည် အဆိုပါပဋိညာဉ်ကို လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ကောင်းမွန်သောအလေ့အထကို လိုက်ပါဆောင်ရွက်လျက်ရှိကြသည်။

မည်သို့ပင်ဆိုစေ ယူကရိန်းနိုင်ငံသို့ လက်နက်များ ထောက်ပံ့ကူညီပေးပို့လျက်ရှိသော နိုင်ငံအားလုံးသည် အဆိုပါပဋိညာဉ်အတိုင်း လိုက်ပါဆောင်ရွက်မှုမရှိကြပေ။ အဆိုပါပဋိညာဉ် လက်မှတ်ရေးထိုးထားသော ၅၉ နိုင်ငံအနက် နိုင်ငံထက်ဝက်လောက်ကသာ လက်နက်များစမ်းသပ်မှုကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သည်ဟု ဆိုသည်။

တချို့သောနိုင်ငံများကမူ လက်နက်ကိုင် ပဋိပက္ခများတွင် လက်နက်အသစ်အဆန်းနှင့်နည်းပညာအသစ်များအသုံးပြုနေသော နိုင်ငံများသည်သာလျှင် အဆိုပါ နိုင်ငံတကာပဋိညာဉ်များကို လိုက်နာဆောင်ရွက်သင့်ကြောင်းနှင့် လက်နက်ထုတ်လုပ်သော နိုင်ငံများအနေဖြင့် လိုက်နာရန်မလိုအပ်ကြောင်း စောဒကတက်လျက်ရှိကြသည်။ သို့သော် အဆိုပါအမြင်သဘောထားသည် ပဋိပက္ခများ ရင်ဆိုင်နေရသည့်အပြင် နိုင်ငံတကာ စစ်ဘက်အကူအညီများ ရယူနေရသည့်နိုင်ငံများကို လျစ်လျူရှုသလို ဖြစ်နေမည်ဖြစ်သည်။ အထူးသဖြင့် သက်ရှင်ကြွင်းကျန်နိုင်ရေးအတွက် တိုက်ပွဲဝင်နေသော ယူကရိန်းနိုင်ငံကို လက်နက်အသစ်အဆန်းများနှင့် စစ်လက်နက်ပစ္စည်းများ အကူအညီပေးကာ စမ်းသပ်အသုံးပြုနိုင်ခြင်းသည် အကြင်နာကင်းမဲ့လွန်းရာ ရောက်ပေမည်ဖြစ်သည်။

ထို့ကြောင့် ယူကရိန်းနိုင်ငံကို လက်နက်များ ထောက်ပံ့ကူညီပေးပို့နေသော နိုင်ငံများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများတွင် ကျင့်သုံးနေသော နိုင်ငံတကာ ဥပဒေများနှင့်ကိုက်ညီရန် လိုအပ်ပေသည်။ အထူးသဖြင့် လက်နက်နှင့်နည်းပညာများကို တရားဥပဒေနှင့်အညီ အသုံးပြုသွားနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးအတည်ပြုသွားရန်လိုအပ်သည့်အပြင် တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း လက်နက်များကို တရားဥပဒေနှင့်အညီ အသုံးပြုနိုင်ရေးပညာပေးထားရန် လိုအပ်သည်။

သာဓကအနေဖြင့် ဩစတြေးလျနိုင်ငံသည် လက်နက်နည်းပညာများစမ်းသပ်မှုကို နိုင်ငံတကာ ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိသည်။ ယူကရိန်းနိုင်ငံသို့ပေးပို့ကူညီမည့် Bushmaster သံချပ်ကာယာဉ်များကိုလည်း အဆိုပါနည်းလမ်းအတိုင်း စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံအနေဖြင့် ယူကရိန်းတပ်ဖွဲ့ဝင်များကိုလည်း လက်နက်ကိုင်ပဋိပက္ခများအတွင်း တရားဥပဒေနှင့်အညီ မည်သို့မည်ပုံ နေထိုင်သွားရေးဆိုင်ရာ သင်တန်းများ ပို့ချပေးလျက်ရှိသည်။

ဆိုရလျှင် ယူကရိန်းပဋိပက္ခတွင် လက်နက်နှင့်နည်းပညာများကို တရားဥပဒေနှင့်အညီ စမ်းသပ်အသုံးပြုနိုင်ခြင်းမရှိပေ။ ထို့ကြောင့် နိုင်ငံတကာ ဥပဒေများကို လိုက်နာစောင့်ထိန်းခြင်းအပါအဝင် စည်းမျဉ်းစည်းကမ်းကို အခြေခံသည့် အခင်းအကျင်းသစ်တစ်ရပ် တည်ဆောက်နိုင်ရေး အားလုံးပူးပေါင်းကြိုးပမ်းသွားရန် လိုအပ်ပေသည်။ ထို့ကြောင့်ယူကရိန်းနိုင်ငံကို လက်နက်များ ထောက်ပံ့ကူညီပေးပို့နေသည့် နိုင်ငံများအနေဖြင့် အပြစ်မဲ့ပြည်သူများထိခိုက်မှုကို လျှော့ချနိုင်ရေး အလေးထားဆောင်ရွက်သွားသင့်ပေသည်။ ဆိုလိုသည်မှာ အင်အားကြီးနိုင်ငံများအနေဖြင့် ယူကရိန်းနိုင်ငံကို လက်နက်အသစ်အဆန်းများစမ်းသပ်ရန် နေရာတစ်ခုအဖြစ် သဘောထားကာ ကိုယ်ကျိုးစီးပွားရှာအသုံးချနေသည့် အတ္တဆန်သော အပြုအမူများကို ရှောင်ရှားသွားသင့်ပေသည်။

**❖ ယူကရိန်းနိုင်ငံကို လက်နက်များ ထောက်ပံ့ကူညီပေးပို့နေသော နိုင်ငံများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများတွင် ကျင့်သုံးနေသော နိုင်ငံတကာဥပဒေများနှင့်ကိုက်ညီရန် လိုအပ်ပေသည်။ အထူးသဖြင့် လက်နက်နှင့်နည်းပညာများကို တရားဥပဒေနှင့်အညီ အသုံးပြုသွားနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးအတည်ပြုသွားရန်လိုအပ်သည့်အပြင် တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း လက်နက်များကို တရားဥပဒေနှင့်အညီ အသုံးပြုနိုင်ရေး ပညာပေးထားရန် လိုအပ်သည်။ ❖**

**ကိုးကား**

- **Ukraine should not be a testing ground for new weapons by Asia Times.**

မောင်စိန်အိ(နဘဲမြေ)

# အသွင်ဆန်းဆန်း ပွင့်လန်းနိုင်ကြပါစေ

ကိုယဉ်ချစ်(မန္တလေး)

လူငယ်တစ်ယောက်နဲ့ဆုံတုန်း စပ်မိစပ်ရာစကားပြောဖြစ်တယ်။ မိသားစုကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတွေ အဆင်ပြေရဲ့လားလို့ မေးကြည့်တော့ အဆင်ပြေတယ်ဆိုတာတစ်ခုမှမပြော။ ဟိုဟာမကျေနပ်သလို ဒီဟာမကျေနပ်သလိုနဲ့ မကျေနပ်ချက်တွေကိုပဲပြောတယ်။

သူပြောတာနားထောင်ပြီး ဒီနေ့လူငယ်တွေ အလုပ်တွေကို ကြိုးစားလုပ်ဖို့၊ အချိန်မဖြုန်းကြဖို့၊ စာများများဖတ်ဖို့၊ စဉ်းစားတွေးခေါ်တတ်ဖို့၊ ဘယ်ကိစ္စမဆို ကိုယ်ချင်းစာစိတ်နဲ့ ဆင်ခြင်သုံးသပ်တတ်ဖို့လိုတဲ့အကြောင်းတွေပြောပြတော့ သူက စာဖတ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာတွေကိုလဲလေ့လာလို့ အခြေအနေတွေကို အမြင်ကျယ်ကျယ်နဲ့သိရကြောင်း ပြောပါတယ်။ တကယ်တော့ သူဟာ ပြည်ပသြဇာခံအရိပ်လွှမ်းမိုးနေတဲ့ ပြည်တွင်း၊ ပြည်ပမီဒီယာတွေဆီက ထုတ်လွှင့်ချက်တွေကို အထင်ကြီး လက်ခံယုံကြည်နေသူတစ်ယောက်ဖြစ်နေတယ်။ သူ့အခွင့်အရေးအရ သူကြိုက်ချင်တာ ကြိုက်နှစ်သက်ခွင့်ရှိပါတယ်။

ဒါပေမဲ့ မျက်စိတစ်ဖက်ကန်းနေတဲ့မြင်းတစ်ကောင်ဟာ မြင်နေရတဲ့ဘက်ခြမ်းက မြက်တွေကိုပဲ တစ်ဖက်သတ်စားသွားသလို ကိုယ်ပိုင်အသိပညာနဲ့ မစဉ်းစားမဆင်ခြင်နိုင်ဘဲ သူများတွေပြောသမျှ တစ်ဖက်သတ်နားယောင် သြဇာခံရင်း ကျွန်ဖြစ်မှန်းမသိဖြစ်သွားမှာ သတိပြုမိဟန်မတူတာတွေကို တွေးမိရင်း နိုင်ငံတော်ရဲ့ရှေ့ဆက်သွားရမဲ့အနာဂတ်ခရီးရှည်ကြီးနဲ့ လူငယ်တွေရဲ့ အခန်းကဏ္ဍကို ဆက်စပ်တွေးတောမိပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်ဆိုတာ နိုင်ငံတော်မှာ အင်အားအများဆုံးရှိနေတဲ့ နိုင်ငံ့ခွန်အားတွေလေ။ နိုင်ငံတော်ရဲ့အနာဂတ်ဆိုတာ ဒီနေ့လူငယ်တွေရဲ့လက်ထဲမှာရှိနေတယ်။ နိုင်ငံတော်ရဲ့ကောင်းကျိုးဆိုးကျိုးကို ဖန်တီးကြမဲ့သူတွေဟာ လူငယ်တွေဖြစ်နေတော့ နိုင်ငံတော်နဲ့ လူငယ်တွေရဲ့အရေးကို တွေးမိတာပေါ့။

အရွယ်သုံးပါးရှိတယ်။ ဗာလ = တစ်ဆယ့်ခြောက်နှစ်အရွယ်ထိ၊ တရုဏ = တစ်ဆယ့်ခြောက်နှစ်မှ ခုနစ်ဆယ်အရွယ်ထိ၊ ဝုဍ္ဎ = ခုနစ်ဆယ်မှ မသေမချင်းလို့ဆိုပါတယ်။ ဒ့ါပြင် ပညာနုံ့(အားနည်း/ ညံ့ )တဲ့အရွယ်၊ စိတ်ပျံ့လွင့်တဲ့အရွယ်၊ အဆင်းဆောင်တဲ့အရွယ်၊ ခွန်အားပြည့်စုံတဲ့အရွယ်၊ ပညာရတဲ့အရွယ်၊ အားယုတ်တဲ့အရွယ်၊ လေးလံတဲ့အရွယ်၊ ကိုင်းညွတ်ခါးကုန်းတဲ့အရွယ်၊ တွေဝေတဲ့အရွယ်နဲ့ တုံးလုံးနေရတဲ့အရွယ်ဆိုတဲ့ အရွယ် ၁၀ ပါးဆိုတာလဲ ရှိသေးတယ်။ အရွယ်အမျိုးအစားတွေ ဘယ်လိုပဲရှိရှိ လူငယ်အရွယ်အပိုင်းအခြားဟာ လူ့သက်တမ်းမှာ အရေးကြီးတယ်။

တချို့ကလဲ အသက် ၁၄ နှစ်ကနေ အသက် ၁၈ နှစ်အရွယ်ထိကို လူငယ်၊ အသက် ၁၈ နှစ်ကနေ အသက် ၄၀ အရွယ်ထိကို လူရွယ်/ လူလတ်၊ အသက် ၄၀ နဲ့ အထက်ကိုလူကြီးလို့ ဆိုကြပါတယ်။ အလွယ်ဆုံးပြောရရင် ပျိုမျစ်နုနယ်တဲ့အရွယ်ရှိသူတွေကို လူငယ်လို့ ယေဘုယျအားဖြင့် ခေါ်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတိုင်းမှာ လူငယ်တွေရဲ့အရေးနဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြတယ်။ လူငယ်တွေကလဲ ကိုယ့်နိုင်ငံအကျိုးတွေကို မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်ကြပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ကိုဖန်တီးတည်ဆောက်ကြရမှာက လူငယ်တွေဖြစ်နေလို့ လူငယ်တွေကို ပန်းကလေးတွေနဲ့နှိုင်းယှဉ်တင်စားပြီး အလေးထားပြုစုပျိုးထောင်ပေးကြပါတယ်။ ပန်းဥယျာဉ်ကြီးထဲမှာ ပန်းကလေးတွေလို လှပစေဖို့ မြတ်နိုးတန်ဖိုးထားပြုစုပေးကြပါတယ်။

လူငယ်ဆိုတာ ထူးခြားတဲ့ဂုဏ်ရည်တွေ၊ စွမ်းအားတွေ ပိုင်ဆိုင်ထားသူတွေဖြစ်ပါတယ်။ ခွန်အားရှိတယ်။ နိုးကြားတယ်၊ တက်ကြွတယ်၊ သွက်လက်ဖျတ်လတ်တယ်၊ ရဲရင့်တယ်၊ တီထွင်ဖန်တီးနိုင်တဲ့စွမ်းအားတွေရှိတယ်၊ စွန့်စားလိုစိတ်ရှိတယ်၊ အမှန်တရားကိုမြတ်နိုးတယ်၊ စွန့်လွှတ်အနစ်နာခံလိုစိတ်ရှိတယ်၊ တစ်ဖက်သားကို ကူညီရိုင်းပင်းလိုစိတ် ရှိတယ်ဆိုတဲ့အရည်အချင်းကောင်းတွေ ပိုင်ဆိုင်ထားကြပါတယ်။

ဒီလိုအားသာချက်တွေ ပိုင်ဆိုင်ထားသလို အားနည်းချက်တွေလဲရှိနေပါတယ်။ အားနည်းချက်တွေကတော့ အတွေ့အကြုံနည်းပါးတယ်၊ အပေါင်းအသင်းကို ခင်မင်အားကိုးတယ်၊ တစ်ဖက်သားအပေါ် ယုံကြည်လွယ်တယ်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်တဲ့ တွေးခေါ်မြော်မြင်မှုအားနည်းတယ်၊ ကိုယ်ယုံကြည်ရာကို တစ်ဇွတ်ထိုးပြောတတ်လုပ်တတ်တယ်၊ အသစ်အဆန်းတွေကို စမ်းသပ်လိုစိတ်ရှိတယ်၊ မဟုတ်မခံစိတ်ကို အစွန်းရောက်တဲ့ထိ အသုံးချတတ်တယ်။

❖ ရိုးသားဖြောင့်မတ်ခြင်းဟာ လူတစ်ဦးချင်းစီရဲ့ ဂုဏ်သိက္ခာပါ။ တစ်နည်းပြောရရင် ကိုယ်ကျင့်တရားကို စောင့်ထိန်းနေထိုင်တာပဲဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဆိုတာ ကိုယ်တိုင်ပြုမူလုပ်ဆောင်ရပါတယ်။ လုပ်သမျှအလုပ်တွေကို ကောင်းတာပဲလုပ်မယ်။ မကောင်းတဲ့အလုပ်မလုပ်ဘူး။ ကိုယ့်အကျိုးအတွက် လုပ်ကိုင်တာမှန်ပေမဲ့ သူတစ်ပါးကိုမထိခိုက်အောင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး စောင့်ထိန်းလုပ်ကိုင်တာဟာ ကိုယ်ကျင့်တရားကို စောင့်ထိန်းတာဖြစ်ပါတယ်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံး ဆိုစကားလို ရိုးသားဖြောင့်မတ်စွာနဲ့ ဘဝကိုတည်ဆောက်သွားကြဖို့လိုပါတယ်။ ❖

လူငယ်တွေမှာ ကောင်းမွန်ထူးခြားတဲ့စွမ်းအားတွေကို ပိုင်ဆိုင်ထားတဲ့ အားသာချက်တွေရှိသလို အားနည်းချက်တွေလဲရှိနေပါတယ်။ အားသာချက်တွေကို မှန်မှန်ကန်ကန်အသုံးချပြီး အောင်မြင်သွားကြတဲ့သူတွေရှိသလို အားနည်းချက်တွေကို တလွဲအသုံးချပြီး လမ်းမှားကို ရောက်သွားသူ၊ လမ်းပျောက်သွားသူတွေလဲရှိပါတယ်။

လူငယ်တွေကို တော်တည့်မှန်ကန်အောင် ထိန်းကျောင်းပေးမဲ့မိဘတွေ၊ ဆရာတွေ၊ ပတ်ဝန်းကျင်တွေရှိဖို့ လိုအပ်ပါတယ်။ အုပ်ထိန်းသူမိဘတိုင်းဟာ သားသမီးတွေကို ချစ်ကြပေမဲ့ အချစ်မမှားကြဖို့တော့လိုပါတယ်။ သားသမီးကို အလိုလိုက်တဲ့နေရာမှာ စည်းကမ်းတကျဖြစ်ဖို့လိုပါတယ်။ သားတစ်ယောက်ကို အချစ်လွန်အလိုလိုက်ခဲ့လို့ မိဘတွေမရှိတော့တဲ့အချိန်မှာ သူဌေးသားဘဝကနေ ခွက်ဆွဲပြီး တောင်းစားခဲ့ရတဲ့ ကုဋေရှစ်ဆယ် သူဌေးသားအကြောင်းကို ကြားဖူးကြမှာပါ။ သားသမီးမကောင်း မိဘခေါင်းဆိုတဲ့စကားလို သားသမီးတွေနေရာမကျရင် မိဘတွေအပေါ်မှာသာ တာဝန်ရှိလာမှာပါ။ အလားတူ ဆရာတွေကလဲ ဆရာ့ဝတ္တရားတွေနဲ့အညီ တပည့်တွေ လိမ်မာယဉ်ကျေးအောင်၊ ပညာထူးချွန်ထက်မြက်အောင် သင်ကြားပေးကြရမှာပါ။ တပည့်တွေ လမ်းမှားမရောက်အောင် ထိန်းကျောင်းတည့်မတ်ပေးကြရမှာပါ။

စာရေးသူတို့ကျောင်းသားဘဝတုန်းကတော့ "မိဘ ဆရာပူးပေါင်း ကလေးပညာကောင်း"ဆိုတဲ့ဆောင်ပုဒ်နဲ့ လူငယ်တွေကို မိဘရော ဆရာပါ ပူးပေါင်းမြေတောင်မြှောက် ပြုစုပျိုးထောင်ပေးခဲ့ကြတာ အမှတ်ရမိတယ်။

ပတ်ဝန်းကျင်ဆိုတာကလဲ လူငယ်တွေရဲ့အနာဂတ်ကောင်းကျိုး၊ ဆိုးကျိုးတွေကို အနီးဆုံးအခြေချပေးသူတွေဖြစ်တာမို့ ပတ်ဝန်းကျင်ကောင်းတွေလဲ လိုအပ်ပါတယ်။ ပတ်ဝန်းကျင်ကောင်းရင် လူငယ်တွေရဲ့အနာဂတ်ကောင်းမွန်မှာဖြစ်သလို မကောင်းတဲ့ပတ်ဝန်းကျင်လောင်းရိပ်အောက်ကို ရောက်သွားတဲ့လူငယ်တွေရဲ့ အနာဂတ်ဟာ ရင်လေးဖွယ်ရာတွေနဲ့ ကြုံတွေ့ကြရမှာ ကေန်ပါဘဲ။

လူ့ဘဝမှာ ပတ်ဝန်းကျင်ဆိုတာကို မရှိမဖြစ်၊ မဖြစ်မနေဆက်ဆံကြရပါတယ်။ စတုကအင်္ဂုတ္တိုရ်မှာ ပုဂ္ဂိုလ်လေးယောက်ကို ခွဲခြားပြထားပါတယ်။ (၁) အတ္တဟိတပဋိပန္န၊ ပရဟိတပဋိပန္န = မိမိလည်း သီလသမာဓိနှင့်ပြည့်စုံ၏၊ သူတစ်ပါးကိုလည်း ပြည့်စုံစေခြင်းငှာ ဆောက်တည်စေ၏။ (၂) ပရဟိတပဋိပန္န၊ နောအတ္တဟိတပဋိပန္န =မိမိကားသီလသမာဓိနှင့်မပြည့်စုံ၊ သူတစ်ပါးကို ပြည့်စုံစေခြင်းငှာ ဆောက်တည်စေ၏။ (၃) အတ္တဟိတပဋိပန္န၊ နောပရဟိတပဋိပန္န = မိမိသည် သီလသမာဓိနှင့်ပြည့်စုံ၏၊ သူတစ်ပါးကိုကား ပြည့်စုံစေခြင်းငှာ မဆောက်တည်စေ၏။ (၄) နောအတ္တဟိတပဋိပန္န၊ နောပရဟိတပဋိပန္န = မိမိလည်း သီလသမာဓိနှင့်မပြည့်စုံ၊ သူတစ်ပါးအားလည်း သီလသမာဓိနှင့်ပြည့်စုံစေခြင်းငှာ မဆောက်တည်စေလို့ ဖော်ပြထားပါတယ်။ ဒီလေးမျိုးသော လူပုဂ္ဂိုလ်တွေဟာ ကိုယ့်ပတ်ဝန်းကျင်တွေမှာရှိနေတာမို့ ရွေးချယ်ပေါင်းသင်းတတ်ဖို့လိုပါတယ်။

လူငယ်တွေအတွက် မိဘဆရာနဲ့ ပတ်ဝန်းကျင်ကောင်းတွေရှိဖို့အပြင် ကာယကံရှင်လူငယ်တွေကိုယ်တိုင်ကလဲ မိမိကိုယ်မိမိ လူချွန်လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားဖို့လိုပါတယ်။ လူငယ်တွေဟာ နိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်လို့ဆိုပေမဲ့ လူငယ်တိုင်းဟာ အနာဂတ်ခေါင်းဆောင်ဖြစ်မလာနိုင်ပါဘူး။ တစ်ဦးချင်းစီမှာရှိကြတဲ့ ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးတွေ မတူညီကြပါ။ ဒါပေမဲ့ လူချွန်လူကောင်းဖြစ်ဖို့ ကြိုးစားနိုင်တဲ့အခွင့်အရေးကတော့ လူငယ်တိုင်းမှာရှိပါတယ်။ လူငယ်တိုင်းမှန်ကန်တဲ့ အသိအမြင်၊ အတွေးအခေါ်တွေကို အခြေခံပြီး ကိုယ့်ဘဝ တိုးတက်ရေးကို အားထည့်ကြိုးစားနိုင်ခွင့်ရှိပါတယ်။

**ဆည်းပူးလေ့လာသင်ယူပါ**

ပညာသင်ရမဲ့အရွယ်မှာ ထူးချွန်ထက်မြက်အောင် ကြိုးစားသင်ယူရပါမယ်။ သင်ယူမှုဆိုတာ လူမှန်းသိတတ်တဲ့အရွယ်ကစပြီး အရွယ်လွန်အိုမင်းတဲ့ထိ သင်ယူနေရပါမယ်။ စာများများဖတ်ရမယ်။ စာပေကို သုတစာပေနဲ့ ရသစာပေဆိုပြီး ခွဲခြားလေ့လာနိုင်တယ်။ သုတစာပေဆိုတာ သတင်းဖြစ်ရပ်တွေ၊ အချက်အလက်မှတ်တမ်းတွေ၊ ဝိဇ္ဇာသိပ္ပံပညာရပ်တွေဖြစ်တဲ့ အသိပေးစာပေတွေကိုဆိုတယ်။ ရသစာပေဆိုတာက ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ရသပါတဲ့မှတ်တမ်း၊ အထ္ထုပ္ပတ္တိတွေကိုဆိုတယ်။ တစ်နည်းပြောရရင် သုတစာပေဆိုတာ အမှား၊ အမှန်၊ အကျိုး၊ အပြစ်ကို သိတဲ့၊ အသိကို ပဓာနထားပြီး သူတစ်ပါးကိုလဲ သိအောင်အသိပေးတဲ့စာပေ။ ရသစာပေဆိုတာက ဒီလိုပြုသင့်၊ ဖြစ်သင့်၊ ရှိသင့်တယ်၊ ဒီလိုမပြုသင့်၊ မဖြစ်သင့်၊ မရှိသင့်ဆိုတဲ့ စေတနာကို ပဓာနထားပြီး အဲဒီစေတနာမျိုးပေါ်လာအောင် နှိုးဆော်ပေးတဲ့စာပေတွေပါပဲ။ ဒီလိုသုတစာပေ၊ ရသစာပေတွေကို ရွေးချယ်ဖတ်ရှုလေ့လာရင်တော့ အသိဉာဏ်တွေ ရင့်ကျက်လာပြီး မြင့်မားတဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

ဒီနေ့ခေတ်ကာလမှာတော့ စာပေဆိုတာ စာရွက်ပေါ်မှာ ပုံနှိပ်ထုတ်ဝေပြီး မျက်စိနဲ့ဖတ်ရတဲ့အဆင့်ကနေ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ အသံကိုနားထောင်ပြီး နားနဲ့ဖတ်နိုင်နေပါပြီ။ စာဖတ်တာဟာ ချည်ကြိုးမျှင်လေးလိုပါပဲ။ ချည်ကြိုးမျှင်လေးတွေ များလာရင် ကြိုးထုံးကြီးဖြစ်လာသလို စာတွေများများဖတ်သူဟာ ကြာလေအသိပညာတွေ သိမြင်ရင့်ကျက်လာပြီး အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားလာနိုင်ကာ အမှားတွေနည်းလာမှာဖြစ်ပါတယ်။ ဒါကြောင့် စာဖတ်တာတွေ၊ သင်ယူလေ့လာတာတွေကို လူငယ်တွေအနေနဲ့ အမြဲမပြတ် လုပ်နေကြရပါမယ်။

**ကျန်းမာအောင်နေပါ**

ကျန်းမာခြင်းဟာ လာဘ်တစ်ပါးဆိုတဲ့စကားလို လူတိုင်းဟာ ကျန်းမာကြဖို့ လိုပါတယ်။ အထူးသဖြင့် လူငယ်တွေဟာ ငယ်ရွယ်စဉ်ကတည်းက ကျန်းမာသန်စွမ်းတဲ့သူတွေဖြစ်အောင် ကျန်းမာရေးကိုဂရုစိုက်နေထိုင်ကြဖို့လိုပါတယ်။ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရင် စိတ်ဓာတ်တွေ ကြံ့ခိုင်လာပြီး အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ပါမယ်။ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ ကွမ်း စတဲ့ကျန်းမာရေးကိုထိခိုက်စေမဲ့အရာတွေကို ရှောင်ရှားကြရပါမယ်။ အချို့လူငယ်တွေဟာ လက်ကိုင်ဖုန်းနဲ့ ဂိမ်းတွေကို အိပ်ရေးပျက်ခံပြီး သုံးစွဲနေကြတာတွေကိုလဲ ဆင်ခြင်ကြရပါမယ်။ ကိုယ်လက်လှုပ်ရှားအားကစားကိုလဲ အလျဉ်းသင့်သလို ဆောင်ရွက်သင့်ပါတယ်။ ငယ်စဉ်အရွယ်ကတည်းက ကျန်းမာရေးလိုက်စားခဲ့ရင် အသက်ကြီးလာတဲ့အခါ ကျန်းမာစွာအသက်ရှည်ဖို့ အထောက်အကူပြုပါတယ်။ ကျန်းမာသန်စွမ်းတဲ့လူငယ်တွေများလေ နိုင်ငံတော်အတွက် အကျိုးရှိလေဖြစ်တာမို့ လူငယ်တွေဟာ ကျန်းမာအောင်နေထိုင်ကြဖို့ အရေးကြီးပါတယ်။

**ရိုးသားဖြောင့်မတ်ပါ**

ရိုးသားဖြောင့်မတ်ခြင်းဟာ လူတစ်ဦးချင်းစီရဲ့ ဂုဏ်သိက္ခာပါ။ တစ်နည်းပြောရရင် ကိုယ်ကျင့်တရားကို စောင့်ထိန်းနေထိုင်တာပဲဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဆိုတာ ကိုယ်တိုင်ပြုမူလုပ်ဆောင်ရပါတယ်။ လုပ်သမျှအလုပ်တွေကို ကောင်းတာပဲလုပ်မယ်။ မကောင်းတဲ့အလုပ်မလုပ်ဘူး။ ကိုယ့်အကျိုးအတွက် လုပ်ကိုင်တာမှန်ပေမဲ့ သူတစ်ပါးကို မထိခိုက်အောင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး စောင့်ထိန်းလုပ်ကိုင်တာဟာ ကိုယ်ကျင့်တရားကို စောင့်ထိန်းတာဖြစ်ပါတယ်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံး ဆိုစကားလို ရိုးသားဖြောင့်မတ်စွာနဲ့ ဘဝကိုတည်ဆောက်သွားကြဖို့လိုပါတယ်။ ရိုးသားဖြောင့်မတ်သူတစ်ယောက်ဖြစ်ဖို့ နေ့ချင်းညချင်း လုပ်ယူလို့မရပါ။ အချိန်ယူပြုစုပျိုးထောင်ရတာဖြစ်လို့ ရိုးသားဖြောင့်မတ်တဲ့လူတစ်ယောက်ဖြစ်ဖို့ ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်နေထိုင်ကြရမှာဖြစ်ပါတယ်။

လူငယ်ဆိုတာ နိုင်ငံတော်ရဲ့ခွန်အား၊ စွမ်းပကားတွေဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အနာဂတ်ကိုဖန်တီးဖော်ဆောင်ကြမဲ့သူတွေဖြစ်ပါတယ်။ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံအရည်အသွေးပြည့်ဝတဲ့လူငယ်တွေရဲ့ စွမ်းအားတွေနဲ့ တည်ဆောက်မှသာ နိုင်ငံတော်ရဲ့ အနာဂတ်ဟာထွန်းလင်းတောက်ပပြီး ကမ္ဘာပေါ်မှာ ထည်ဝါခံ့ညားစွာနဲ့ ရပ်တည်နိုင်မှာဖြစ်ပါတယ်။ ခံ့ညားထည်ဝါလှတဲ့ ပန်းဥယျာဉ်ကြီးဆိုတာ အရောင်အသွေးစုံပြီး သင်းရနံ့တွေလှိုင်နေတဲ့ ပန်းမျိုးစုံတွေ ဖူးပွင့်မွေးပျံ့နေပါတယ်။ ပန်းဥယျာဉ်ကြီးနဲ့တူတဲ့နိုင်ငံတော်ကြီး ခံ့ညားထည်ဝါစေဖို့ ပန်းမျိုးစုံနဲ့တူတဲ့ လူငယ်တွေ အသွင်ဆန်းဆန်းပွင့်လန်းနိုင်ကြပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။

# Chairman State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials from Cambodian Ambassador to Myanmar

**Nay Pyi Taw May 19**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from the newly accredited Cambodian Ambassador to Myanmar H.E. Mr. CHUM Angvichet at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10 am today.

Next, a cordial discussion was made on Cambodia's support for Myanmar and belief in Myanmar's peace process, promotion of diplomatic ties, friendship and cooperation, Cambodia's assistance for Myanmar when it faced the Covid-19 pandemic and a plan to provide more Covid-19 vaccines, extension of direct flights for boosting bilateral tourism, and promotion of cooperation in religious affairs, education and trade.

After the call, the Senior General and the Cambodian Ambassador posed for a documentary photo.

Also present were Joint Secretary of the SAC Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Than Swe, and Director-General of the Protocol Department U Wunna Han. The Cambodian Ambassador was accompanied by officials from the Cambodian Embassy and Military Attaché's Office. 100



Senior General Min Aung Hlaing receives Cambodian Ambassador to Myanmar Mr. CHUM Angvichet.

# "Today's youths are tomorrow's adults." So, all should carry out the nation building task with harmony and unison, based on their childhood friendship."



Senior General Min Aung Hlaing greets trainees from maritime and aviation training courses for youths.

**Nay Pyi Taw May 19**

The State Administration Council has already adopted the social objective "**To promote multiple education systems in order to produce the necessary human resources for building a modern developed democratic nation.**" The government is striving for the success of the sectors to promote moral conduct, patriotism and the spirit to cooperate with team spirit of youth members, and the goal is to reinforce and develop human resources of the country. Only then will the future nation gain continuous progress alongside the efforts of good human resources, said Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing in his address at the meeting with trainees of marine youth basic and advanced level course 1/2023 and aviation youth course 1/2023 (senior level and junior level) and instructors at Zeyathiri Beikman this afternoon.

Also present were Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, union level officials and wives, and honoured guests.

The Senior General expressed pleasure to address the youths who had effectively used their private time during summer holidays by attending the courses. He said Tatmadaw is opening the courses with the aim of bringing about future generations skilled in marine and aviation sciences. As the strength of a nation lies within, youths are the creators and fresh forces of the future country. As they had studied the subjects they were interested in during the summer holidays, their parents and relatives will also take pride in their achievements. They got the opportunity to gain general knowledge and friends at the courses. So the courses enhance love and amity. **"Today's youths are tomorrow's adults. So, all should carry out the nation building task with harmony and unison, based on their childhood friendship."**

Both the marine and aviation courses lasted for four weeks during which trainees learned marine and aviation sciences and military parade subject which is the basic military science. The subject is compulsory as it teaches discipline and obedience.

*See Page 13*


Tea party being hosted for trainees from maritime and aviation training courses for youths.

*From Page 12*

Marine trainees had already learned marine science which included basic navy private subjects, basic marine guidelines, apply marine guidelines and astronomy, basic swimming, rowing and yachting courses. Aviation trainees had already learned aviation history, basic concepts of flying, basic structure of planes, basic knowledge about building scale-model planes and RC planes/helicopters piloting courses.

Trainees had already noticed the comprehensiveness of their courses which are not like any other subjects. In fact, adversities lead to greater success. In this regard, trainees should continue to apply their knowledge gained at the course. Thanks to the courses, youths can see with their own eyes the national defence duties of Tatmadaw. They will realize the value of the country's marine territory and aerial territory and competitive efforts of the countries with coastal areas to promote defence prowess and national interest through ongoing modern research programs. Greater defence prowess supports national development in a way. Hence youths should be aware of the importance of and the value the subjects they have learnt.

As only wise and good-hearted youths will be truly beneficial for the country, youths are required to exert efforts to be such ones. As every wise and good-hearted one can distinguish between the good and the bad in everything, they can understand the importance of wisdom and steer clear of their lives. Only when one can steer clear of one's career and the future path of one's family, will one become a person who can defend one's own country without swaying toward any directions. Books and literature are man's friend. As they can instill correct intellectual maturity in people, youths are required to be able to choose and read good books and literature. By reading good literature since childhood, youths will acquire fine fundamental spirit that can cultivate correct knowledge, ideologies and wisdom. The value of human life will increase significantly if youths can move forward to the future based on combined experience of spending time beneficially, acting in accordance with discipline and team work acquired during the training course.

If a country is abundant in natural resources but it is not able to utilize them effectively, its development momentum will be slow. Our country boasts favourable conditions for agriculture and livestock breeding in accordance with its climatic conditions, geographical location and three seasons. Only when the country possesses human resources to utilize the favourable conditions effectively, will the economy of the country improve exponentially.

When youths, who are undergoing the first period of life, are required to study education, it is necessary for them to be cautious about engaging in other things that will make their mind stray. Moreover, it is important for them not to neglect their health. In accordance with the saying 'Arohan Praman Laban,' good health is an asset. Therefore, it is necessary for them to abstain from addictive behaviour like consuming betel, tobacco and alcohol, which are not beneficial for them. When the source that undermines the morals of youths is exposed, it is found that narcotic drugs are the main culprit. Only when one is healthy and fit, can one lead a desired life. Therefore, youth are required to be conscientious about their health and take part in physical exercise and sports in order to be healthy and fit. Youths are seriously urged to make efforts to play a role in nation-building tasks with their healthy, fit and smart physical and intellectual strengths.

As you were born in the motherland, you are required to be well versed in the traditional history of the country. By understanding the history of Myanmar and the history of the Tatmadaw parallel, youths are required to study constantly to repel the pessimistic ideologies of domestic and foreign saboteurs who are against the interests of the country. Only then, will youths be able to respond to attacks from all sides including the media and become members of new generations who can be relied upon by the country.

To build union spirit through keeping friendship and unity gained from the course, to further explore the basic theories learned at the course at a time when human resources is being nurtured for the State, to read good texts for correct intelligence and behave following the teachings by parents and teachers, to take care of health while learning for education, and to become new generation of youths who are royal and reliable for the State in the future.

Afterwards, the Commander-in-Chief of Defence Services presented souvenirs to the maritime and aviation youths who gave him gifts in return.

Next, Ma Kay Zin Thwe of the Youth Maritime Course and Ma Nang Mo Kham of Youth Aviation Course recounted maritime and aviation experience gained at Basic Youth Maritime Course and Advanced Course No. 1/2023 and Basic Youth Aviation Course (Senior Level) and (Junior Level) (1/2023) and spoke of the benefits from those courses.

They, on behalf of the youths, also thanked the Chairman of State Administration Council Commander-in-Chief of Defence Services for letting them have a chance to spend summer school holiday profitably and have general knowledge gained from travels and attend the courses together with youths of ethnic brethren. They said that such courses were highly valuable and meaningful for the youths like them and would be always making efforts to become maritime and aviation experts who the State relies on and good citizens who effectively contribute to the interests of the State.

Then, the Senior General and party served the maritime and aviation youths with tea with the accompaniment of music performance by the Myawady Band.

Later, the Senior General and party cordially greeted trainees and instructors of Basic Maritime Course, Advance Course No. 1/2023 and Basic Aviation Course (Senior Level) and (Junior Level) (1/2023) and had a souvenir photo taken with them.

Ahead of the meeting, the maritime and aviation youths viewed weapons manufactured by the Myanma Tatmadaw, various outfits being used in the Defence Services (Army, Navy and Air), communications equipment manufactured by the Myanma Tatmadaw, scale models of vessels manufactured by the Tatmadaw (Navy), naval equipment and accessories, scale models of aircraft and helicopters being used in Tatmadaw (Air), pilot suits and accessories, and demonstration of aircraft flight by simulator on display inside the Zeyar Thiri Beikman and officials replied to their questions on the items on display.

100

# Myanmar chilli gets good price in Myawady

**Mandalay May 19**

Myanmar's chilli is marketable in Myawady, sharing border with Thailand, said Chair Daw Ohnma Kyaw of Chilli Marketing and Technical Development Association.

"Currently, Myanmar's chilli is sent to Myawady market. The majority of chilli from Kyaukse is prioritized to flow out to Myawady. Some volumes of chilli from Ayeyawady are also sent to Myawady. Myanmar chilli fetches K24,000 per eight kilos basket. Merchants go to Myawady to purchase chilli. In this regard, five truckloads of chilli come from Ayeyawady Region and some 10 truckloads of chilli from Kyaukse region flow to Myawady on a daily basis. At a time when chilli from other regions is harvested, these will be sent to China. Now, chilli of Myanmar dominates the Myawady market," said the chair.

Chilli is mostly cultivated in Ayeyawady Region, Shan State, Magway, Ngaphe, Thazi, Kyaukse, Kume, Myittha, Hanmyintmo, Yamethin and Monywa. At present, chilli from Ayeyawady Region and Kyaukse get good prices in Myawady market. Remaining chilli will be sent to China and Myawady under the arrangement of local merchants and associations. 185


Workers sorting out chili.

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win separately meets, locals, departmental staff, Tatmadaw members and families, provides foodstuffs in cyclonic storm Mocha hit Kyauktaw, Rathedaung


Vice-Senior General Soe Win meets military personnel and families of the local battalion in Rathedaung.

**Nay Pyi Taw May 19**

Chairman of National Disaster Management Committee Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, currently in Sittway of Rakhine State, accompanied by his wife Daw Than Than Nwe, Union ministers, the state chief minister, senior military officers from the Office of the Commander-in-Chief, the commander of Western Command and officials this morning inspected the damage in Cyclone Mocha-hit Kyauktaw and Rathedaung, met the residents, departmental staff, Tatmadaw members and their families separately.

First, the Vice-Senior General and party viewed the losses and damage, relief works and rehabilitation processes in storm-hit Kyauktaw and Rathedaung by car.

During the meetings with locals and departmental staff at relevant halls separately, the Vice-Senior General said he came to the disaster-affected areas to check the rehabilitation activities in person according to the directive of the Prime Minister. It is such as glad case as the residents conducted rehabilitation processes for their township, ward and village with a strong sense of self-reliance. The people and department concerned also should participate in the rehabilitation processes of recuse teams.


Vice-Senior General Soe Win presents food to an official.


Vice-Senior General Soe Win meets departmental personnel and townspeople in Kyauktaw Township.

The universities and basic education schools will be opened on 1 June and so it should conduct repairing works on the destroyed schools for the students to be able to study safely and peacefully. In doing so, it should prioritize the high schools that accommodate the largest numbers of students and it should repair the township hospital (50-bed) as quickly as possible.

It needs to collect the data to launch rehabilitation processes quickly. The departments concerned should collect the correct data in respective townships to distribute the relief items systematically. The SAC released the announcements declaring disaster-hit regions according to Section 11 of the Natural Disaster Management Law. Moreover, the senior military officers were assigned duties in these areas to manage the rehabilitation processes. The people of respective townships should work together to be better than the original situation.

Then, township departmental officials and town elders reported on the damage and losses of houses, buildings, schools, hospitals and departmental buildings in the storm and other requirements. The Vice-Senior General attended to the needs and provided basic foodstuffs such as rice, cooking oil, beans and fish paste to the victims of Mocha and departmental staff.

The Vice-Senior General and party also provided cash assistance to the members of the Bago Region Fire Brigade who served recuse and relief measures in Rathedaung.

Moreover, the Vice-Senior General and party went to Kyauktaw and Rathedaung stations and comforted the officers, other ranks and families who faced the impacts of natural disasters. After coordinating their reports, the Vice-Senior General provided foodstuffs and cordially greeted them.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses emergency relief and rehabilitation meeting for damage and losses caused by Cyclone Mocha in Rakhine State



Vice-Senior General Soe Win addresses emergency relief and rehabilitation meeting for damage and losses caused by Cyclone Mocha in Rakhine State.

**Nay Pyi Taw May 19**

Chairman of the National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by wife Daw Than Than Nwe and senior offiers from the Office of the Commander-in-Chief of Defence Services arrived at Sittwe Airport this evening and they were welcomed by union ministers, the chief minister of the state, the commander of the Western Command and departmental officials.

Then, the Vice-Senior General Soe Win and party inspected the relief and rehabilitation activities in cyclone-hit Sittwe by car.

Afterward, the Vice-Senior General attended the emergency relief and rehabilitation meeting for damage and losses caused by Cyclone Mocha in Rakhine State held at the state government office and gave necessary instructions.

Also present at the meeting were union ministers, the chief minister of the state, senior officers from the Office of the Commander-in-Chief of Defence Services, the commander of the Western Command, deputy ministers, state ministers and departmental officials.

First, Chief Minister of Rakhine State U Htein Lin reported to the Vice-Senior General on formation of the state natural disaster management committee, opening of office for emergency natural disaster management at the state government office and in the district and township, preparations before the natural disaster, current arrangements for administrative affairs and supports for the people, storage of relief and support items by the state government, measures taken for prevention of disruption of communication during the post-cyclone period, assignment of duties to respective departments for relief and rehabilitation, arrivals of relief items and medical supplies by air and waterway, systematic storage and distribution of relief items, repairs of cyclone-hit houses, restoration of power lines and provision of healthcare services by forming special healthcare teams.

Then, Union Minister for Transport and Communications Admiral Tin Aung San reported to the Vice-Senior General on implementation of rescue, relief, reconstruction and rehabilitation operations in accordance with the guidance of the Prime Minister, rescue and relief efforts made in real time, repairs of schools and universities hit by the storm to enable them to reopen as soon as possible in a timely manner according to their priorities, measures taken to better environment than previous ones in reconstruction efforts, inspection tours to storm-hit townships and provision of necessary assistance, systematic compilation of death tolls and damage statistics in real time, efforts made to repair hospitals damaged by the storm as soon as possible, arrivals of relief items by Tatmadaw aircraft and vessels and distribution of them to areas in need, distribution of rice, edible oil, rations and medical supplies to cyclone-hit areas, tasks being carried out with the use of heavy machinery to restore electricity, measures taken to repair power lines and communication stations damaged by the storm in order to prevent disruption of communication and the use mobile water purifying equipment to supply sufficient water to the victims.

Afterward, union ministers Lt-Gen Tun Tun Naung and U Ko Ko Hlaing reported to the Vice-Senior General on distribution of relief items to IDP camps by making field trips, efforts made to return to normal and cleanliness and pleasantness of the towns hit by the storm by forming combined teams, distribution of foodstuffs, relief items and medical supplies to storm victims, offers and arrangements made to provide relief items and medical supplies for the victims by neighbouring countries and international organizations, preparations made by foreign companies in Rakhine State to offer technical assistance and efforts made to resume repatriation and resettlement during the post-cyclone period.

Then, Union Ministers U Thaung Han, Daw Thet Thet Khaing, U Myo Thant and Dr Thet Khaing Win reported to the Vice-Senior General on efforts made to re-erect power lines hit by the storm to supply electricity as soon as possible, repairs of national grid with the use of heavy machinery to supply electricity, transportation and distribution of reserve rice to necessary areas to supply enough food to the people in Rakhine State, distribution of construction materials to rebuild buildings damaged by the storm, distribution of instant food items, timely repairs and reconstruction of roads, bridges and buildings destroyed by the storm in Rakhine State, measures taken to repair or reconstruct hospitals, schools, essential buildings and religious edifices as a priority, joint preparations of construction associations in Rakhine State for rehabilitation efforts, arrangements made to provide healthcare services in Rakhine State by forming healthcare teams, provision of regular healthcare services at the cyclone-hit general hospital by repairing it, sending healthcare teams to areas in need and arrangements to receive medical supplies donated by neighbouring countries and international organizations.

Next, the attendees reported on rescue, resettlement and rehabilitation measures on a sector-wise basis in the natural disaster affected in Rakhine State.

Then, regarding the reports, the Vice-Senior General said only if a list of the damage is systematically made, will an exact number of construction materials necessary in repairing the damaged buildings due to the cyclone be delivered. In repairing the damaged buildings, priority must be given to the buildings of high school and university in time for the back to school season which starts on June 1. It is necessary to correctly collect data on the animals killed in the storm and make an arrangement on how to provide the live animals to the areas in need of them. The said data is to be sent to the National Disaster Management Committee through region-wise disaster management teams. It is also necessary to form disaster management working teams under the supervision of the state-level disaster management team.

The Prime Minister gave guidance that if international organizations offer assistance, corrugated iron sheets and nails for buildings, medicines and cyclone shelters could also be accepted. It is necessary to get the electricity back as soon as possible and work together to ensure the cleanliness and beauty of the city. Measures for rehabilitation must be quickly taken. It is necessary to correctly and quickly collect statistics to be able to rapidly take the rehabilitation measures. For this respective departments are to carry out the tasks quickly and correctly.

In his concluding remarks, the Vice-Senior General said according to the guidance of the Prime Minister on the disaster-affected areas the first point is that it is to ensure that rice, edible oil, salt, bean and preserved fish will reach every household of all the locals before resettlement in hand during the period of rehabilitation. The National Disaster Management Committee has prepared a collection of other foods beside 10000 tons of reserved rice before the cyclone started. Of the reserved rice, 3000 tons are being delivered by naval and civilian vessels to the Rakhine State in order to use it during the rehabilitation period. In supplying and distributing the reserved rice and emergency items, officials concerned are to systematically carry out the tasks and in doing so, the statistics are important. The second point is that those areas will have clean water. For that, the Tatmadaw and the Ministry of Cooperatives and Rural Development have made arrangements with mobile water purification machinery and will further provide manually-operated pumps as well. The third point is that the communications system will be restored. Departments concerned are to work together to restore the communications network. It needs to quickly restore the communications network as it is important to do office work. The fourth point is to build more storm shelters in the areas in need of them. Officials concerned need to submit plans on it during the rehabilitation period to mainly build towns and villages located on both sides of main rivers and along the coastal line.

As universities and basic schools will be reopened on June 1, priority must be given to repairing high schools of the damaged schools as quickly as possible. Similarly, it is necessary to quickly repair the damaged hospitals in the state and work with might and main in cooperation with collective teams for the cleanliness and beauty of the cities and towns.

The Government issued storm warnings in advance before the cyclone advising the people to move to safe areas. Despite such warnings and advice, it is sad to see that some did not follow the warnings and experienced risk of life. The damage just occurred at minimum as preparations were properly made nine days ahead of the cyclone. All are to cooperate to quickly take post-cyclone rehabilitation measures to meet better conditions than pre-storm period. Officials concerned need to systematically supervise to get the relief items to the people who really need them and to ensure minimum waste of the items. Locals are urged to work together with civil servants who are in the cyclone-affected areas giving a hand in rebuilding their towns and villages to restore their towns and villages to be better than original ones. 100





ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များ ဓေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

၎င်းနောက် ရေကြောင်းလူငယ်သင်တန်းမှ မကေဇင်သွယ်နှင့် လေကြောင်းလူငယ်သင်တန်းမှ မနန်းမိုခမ်းတို့က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာရှင်းလင်းပြောကြားကြသည်။ ထို့နောက် **ယခုကဲ့သို့ အားလပ်သည့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ ကုန်ဆုံးစေပြီး ဒေသန္တရဗဟုသုတများစွာ ရရှိနိုင်စေရေးအတွက် ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ တွေ့ဆုံ၍ သင်တန်းတက်ရောက်ခွင့်ရခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လူငယ်မောင်မယ်များကိုယ်စား အထူးပင်ကျေးဇူးတင်ရှိ**ပါကြောင်း၊ ယခုသင်တန်းများသည် မိမိတို့လူငယ်မောင်မယ်များအတွက် တန်ဖိုးကြီးမားပြီး အဓိပ္ပာယ်ရှိသည့် သင်တန်းများပင်ဖြစ်ပါကြောင်း၊ မိမိတို့ အနာဂတ်လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်က အားထားရသည့် ရေကြောင်းဆိုင်ရာ ပညာရှင်များ၊ လေကြောင်းဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ကျေးဇူးတင်စကားများ အသီးသီးပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့မတက်ရောက်မီ ဓေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်က ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်က ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)ကထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောက်ဖြူမြို့တွင် အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ ပြင်ဖြူမော်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်များကို လိုအပ်သည့် ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လှူဒါန်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်အုပ်စုတွင်ပါဝင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည်။

ပုဏ္ဏားကျွန်းမြို့တွင် ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ ပြည်သူ့ဆေးရုံရှေ့၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့မှုများအား ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ကူညီကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့်လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျောက်တော်နှင့် မြောက်ဦးမြို့တို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း ယနေ့တွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသောနေရာများသို့ ရေပေးဝေခြင်း၊ ကူညီကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် ပဒုက္ကမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ယနေ့တွင် ပုဂံ-ညောင်ဦး-ပဒုက္ကသွားကားလမ်းမဘေးတစ်လျှောက်တွင် မုန်တိုင်းဒဏ်ကြောင့် လဲကျနေသည့်သစ်ပင်ကြီးများအားရှင်းလင်းပေးပြီး လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနေဖြင့် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့တို့၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းကြောင်းတစ်လျှောက် သစ်ပင်သစ်ကိုင်းပိတ်ဆို့လဲကျနေမှုများကို ဖယ်ရှားရှင်းလင်းခြင်း၊မြေပြိုပိတ်ဆို့မှုများအား ရှင်းလင်းခြင်း၊ ရေလမ်းခရီးဖြင့် သွားလာရမည့်ဒေသများသို့သွားလာနိုင်ရေး ရေယာဉ်များပေါ်သို့ ရွှေ့ပြောင်းခြင်းတို့ကိုပြုလုပ်၍ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆက်လက်ချီတက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် မေ ၁၆ ရက်တွင် စစ်တွေမြို့သို့ရောက်ရှိခဲ့ပြီး စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးများနှင့်ပူးပေါင်း၍ ဆေးကုသမှုပေးရန်လိုအပ်သော သဘာဝဘေးဒဏ်သင့်ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. CHUM Angvichet က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHUM Angvichet တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

**နေပြည်တော် မေ ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H. E. Mr. CHUM Angvichet သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်နေမှုနှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးဖော်ဆောင်နေမှုအပေါ် ကမ္ဘောဒီးယားနိုင်ငံက ယုံကြည်မှုရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်၌ ကမ္ဘောဒီးယားနိုင်ငံက အကူအညီများပေးခဲ့မှုနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံပေးအပ်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းတိုက်ရိုက်ပျံသန်းပြေးဆွဲမှုတိုးချဲ့ရေးကိစ္စရပ်များ၊ သာသနာရေး၊ ပညာရေးနှင့်ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. CHUM Angvichet တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စီး ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ




အိန္ဒိယရေတပ်၏ စစ်ရေယာဉ် INS Gharial မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် မေ ၁၉**

ရခိုင်ကမ်းရိုးတန်းဒေသသို့ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA)ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီးပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ MITT ဆိပ်ကမ်းသို့ ထပ်မံဆိုက်ရောက်လာကြောင်းသိရသည်။

အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အိန္ဒိယရေတပ်၏ စစ်ရေယာဉ် INS Gharial မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါအိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial ဖြင့် ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် ဆက်လက်ဖြန့်ဝေနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

မုန်တိုင်းဒဏ်သင့် ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပို့ဆောင်သော ရန်ကုန်မြို့တွင် ယမန်နေ့က ရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS-Shivalik၊ INS-Kamorta နှင့် INS-Savitri တို့သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်တော်တပ်နယ်ရှိ သဘာဝဘေးအန္တရာယ်သင့်ခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်ခဲ့ရသည့် ကျောက်တော်မြို့နှင့် ရသေ့တောင်မြို့တို့သို့ သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ထို့နောက် အဆိုပါမြို့များရှိ မုန်တိုင်းသင့်ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာများကို သက်ဆိုင်ရာခန်းမများတွင် သီးခြားစီတွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှုအရ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကိုယ်တိုင်မျက်မြင်တွေ့ရှိနိုင်ရန် ယခုကဲ့သို့လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိမြို့၊ ရပ်ကွက်၊ ကျေးရွာများကို မိမိအသိစိတ်ဓာတ်ဖြင့် ကိုယ့်အားကိုယ်ကိုး ပြန်လည်ထူထောင်ရေး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြို့နေဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများကို ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ လာရောက် မိမိမြို့ရွာ သန့်ရှင်းသာယာလှပရေးအတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ပေးရန်လိုကြောင်း။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်တော်မြို့ရှိ မုန်တိုင်းသင့်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ငါးပိ စသည့်အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်စဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရသေ့တောင်မြို့အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်ပေးနေသည့် ပဲခူးတိုင်းဒေသကြီးမှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

မကြာမီ ဇွန် ၁ ရက်တွင် တက္ကသိုလ်များနှင့်အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ အမိုးအကာအအောက် လုံလုံခြုံခြုံဖြင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူ တက်ရောက်မှုအများဆုံးဖြစ်သည့် အထက်တန်းကျောင်းများကို ဦးစားပေးအဖြစ် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ မြို့နယ်ဆေးရုံကြီး(ခုတင်-၅၀)ကိုလည်း အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စနစ်တကျ မြန်ဆန်စွာဆောင်ရွက်နိုင်ရန် စာရင်းဇယားမြန်ဆန်မှန်ကန်စွာ ကောက်ယူနိုင်ရန်လိုအပ်ကြောင်း၊ ယင်းအတွက် ဌာနဆိုင်ရာအဖွဲ့များအနေဖြင့် မြို့နယ်အလိုက် စနစ်တကျ မှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျစီမံခန့်ခွဲ၍ ပို့ဆောင်ပေးနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မုန်တိုင်းကြောင့်ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်ကြောင်း၊ ယခုမုန်တိုင်းလွန်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမြန်ဆုံး မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့်ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများနှင့် အခြားလိုအပ်သည်များကိုရှင်းလင်းတင်ပြကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မုန်တိုင်းသင့်ပြည်သူများနှင့် **စာမျက်နှာ ၂၁ သို့**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သဘာဝဘေးအန္တရာယ်သင့်ခဲ့သည့် ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်က သဘာဝဘေးအန္တရာယ်သင့်ခဲ့သည့် ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။




စာမျက်နှာ ၂၀ မှအဆက်

ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ငါးပိ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်ပေးနေသည့် ပဲခူးတိုင်းဒေသကြီးမှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ခရီးစဉ်အတွင်း ကျောက်တော်နှင့် ရသေ့တောင်တပ်နယ်များသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်သင့်ခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို သီးခြားစီတွေ့ဆုံ အားပေးစကားပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုကို တွေ့ရစဉ်။**





ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှုကိုတွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့်မြို့နယ်များတွင် ပြန်လည်ထူထောင်ရေးဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများကို တွေ့ဆုံမှာကြား

**စစ်တွေ မေ ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ဝိုင်းဝန်းကြီးကြပ်ကူညီဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဧည့်ရိပ်သာ၌ တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တပ်မတော်အရာရှိကြီးများအနေဖြင့် တာဝန်ကျရာမြို့နယ်များသို့ ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ဦးစားပေးရှင်းလင်းပြီး လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုဦးစားပေး ပြုပြင်နိုင်ရေး၊ နိုင်ငံတော်က ပေးပို့နေသည့် ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ဖြန့်ဝေထောက်ပံ့ရေး၊ စာရင်းဇယားများမှန်ကန်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် အခြားအရေးတကြီးဆောင်ရွက်ပေးရန်များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီတင်ပြကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က မြို့နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများအနေဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်းကာ ပြန်လည်ထူထောင်ရေး၊ စားရေ ရိက္ခာထောက်ပံ့ရေးများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်ဖြည့်စွက်မှာကြားသည်။

အဆိုပါ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ဝိုင်းဝန်းကြီးကြပ်ကူညီ ဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများကို မွန်းလွဲပိုင်းက ရဟတ်ယာဉ်များဖြင့် တာဝန်ကျရာမြို့နယ်များသို့ စတင်ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| | | | | | |
|---|---|---|---|---|---|
| | **၂၀-၅-၂၀၂၃ (စနေနေ့)** | | ၃။ | ၁၄း၃၀ | လေ့လာမှတ်သား |
| ၁။ | ၀၆း၃၀ | ခံစားနားဆင် | | | ရှိးရာစကားပုံများ |
| | | မြန်မာသံစဉ် | ၄။ | ၁၆း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၂။ | ၁၁း၀၀ | စစ်သည်ကဏ္ဍ | ၅။ | ၁၈း၂၀ | Thazin Request Song |

# ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစည်းအဝေးပြုလုပ်



ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစည်းအဝေး ပြုလုပ်စဉ်။

**နေပြည်တော် မေ ၁၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဖျာပုံမြို့နယ် ကျုံကျိုက်တိုက်နယ်ဆေးရုံ ကျုံကျိုက်တိုက်ကျေးရွာရှိ လေဘေးသင့်ပြည်သူများကို ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၉**

သဘာဝလေဘေး တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာရှိ ကျုံကျိုက်တိုက်နယ်ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မရဲ့ပျားမွတ်ကျေးရွာရှိ လူနေအိမ်များ ပြိုကျပျက်စီးမှုများကြောင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင်ပြုလုပ်ရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ သွပ်အမိုးများ အသစ်ပြန်လည်လဲလှယ်ပေးခြင်း၊ လိုအပ်သည့် ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ဖျာပုံမြို့နယ် ကျုံကျိုက်တိုက်နယ်ဆေးရုံ ကျုံကျိုက်တိုက်ကျေးရွာရှိ လေဘေးသင့်ပြည်သူများကို ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မုန်တိုင်းဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက လှူဒါန်းငွေကျပ် ၃၄၀၀၇၂၁၅၀ အပါအဝင် ဆန်၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်ဘူးနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိက အဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အအုံ အလုံး ၃၄၀ ပျက်စီးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်သူ ၁၄၅ ဦး သေဆုံးခဲ့

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများကို အချိန်နှင့်တပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစိတ်ထပ်မံစိစစ်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းထိ ရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိက အဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အအုံ အလုံး ၃၄၀ ပျက်စီးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူ ၁၄၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၁၉**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီမှ World bank မိုးကာလိပ် ၆၀၊ World bank (5.5m×6m) မိုးကာစ ၅၀၊ World bank မိုးကာတဲ ကိုးလုံး၊ စင်ကာပူမိုးကာတဲ အလုံး ၃၀၊ ကျားဝတ်လုံချည် အထည် ၁၀၀၀၊ မဝတ်လုံချည် အထည် ၁၀၀၀၊ တီရှပ် အထည် ၂၀၀၀၊ စောင် အထည် ၁၀၀၀၊ တဘက် အထည် ၁၀၀၀၊ ခြင်ထောင် အထည် ၁၀၀၀၊ ဆပ်ပြာအတောင့် ၁၀၀၀၊ ကလေး(ကျား) ကျောင်းဝတ်စုံ အစုံ ၁၀၀၀၊ ကလေး(မ) ကျောင်းဝတ်စုံ အစုံ ၁၀၀၀၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ ဒီဇယ်ဆီ အလုံး၂၀၊ ဓာတ်ဆီ ငါးလုံး စုစုပေါင်း ၁၀ တန်တို့ကို ရေချမ်းပြင်ချောင်းဝအနီးမှ တင်ဆောင်ပြီး ထွက်ခွာလာခဲ့ရာ ရသေ့တောင်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ရေသန့်စက်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်း အထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲဂျိုင်းဆက် ရှစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၇ ဒသမ ၅ တန်တို့ကို လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ရေသယ်ယာဉ်တစ်စီး၊ CANOPY အမိုးစိမ်း အထည် ၈၀၊ ၆၀ ဆံ့မိုးကာတဲ ၂၅ ခု၊ မိုးကာတဲဂျိုင်းဆက် ခုနစ်ထုပ်၊မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၅ တန်တို့ကိုလည်းကောင်း စစ်တွေမြို့၌ တင်ဆောင်ထွက်ခွာလာပြီး ရေချမ်းပြင်မှတစ်ဆင့် ရသေ့တောင်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကာ မုန်တိုင်းသင့်ပြည်သူများထံသို့ အမြန်ဆုံးဆက်လက်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)ဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၁၉**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သည့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၆၈၅ ဦးနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အရပ်သားဝန်ထမ်း ၁၀၇ ဦးတို့ကိုလည်းကောင်း၊ ကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ရိက္ခာအမည်စုံ၊ အထောက်အကူပြုပစ္စည်းများ၊ ဆန်အိတ် ၂၀၀ နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ စုစုပေါင်း ၂၅ တန်ခန့်တို့ကိုလည်းကောင်း တင်ဆောင်၍ ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်-စစ်တွေ ခရီးစဉ်အတိုင်း ထွက်ခွာသွားကြသည်။

အဆိုပါ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်နှင့် တာဝန်ရှိသူများက လာရောက်ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ်သိန်းတစ်ရာနှင့် ရေသန့်ဘူး ၂၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)ဖြင့် ပို့ဆောင်ပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စခန်းလှကျေးရွာနေ ကျော်ဇောထွန်းသည် ၎င်းအသုံးပြုသည့် "Kyaw Zaw" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာနေ ရွှေရည်ဝင်း(ခ) ချောချောသည် ၎င်းအသုံးပြုသည့် "Shwe Yee Win" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ကျော်ကျော်စိုး(ခ) ထက်ကျော်ကျော်သည် ၎င်းအသုံးပြုသည့် "Htet Kyaw Kyaw Soe" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၁၉**

တပ်မတော်အနေဖြင့် ဆိုင်ကလုံးမုန်တိုင်းမိုခါ(MOCHA) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးဖွဲ့များကို စုဖွဲ့စေလွှတ်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုန်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များပါဝင်သည့် အင်အား ၂၅ ဦးနှင့် အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ပစ္စည်းများ၊ ဘီစကွတ်မုန့်များ၊ ဘဲဥ ဖာ ၅၀၀၊ ဆိုလာ ၁၉ ဖာ၊ ဆေးပစ္စည်း ၉၇ ဖာ၊ ခေါက်ဆွဲခြောက် ဖာ ၃၀၀၊ ခေါက်ဆွဲ ၁၅၅၄ ထွဲ၊မုန့်မျိုးစုံ အဖာ ၁၀၀၊ငါးသေတ္တာငါးဖာ၊ ဆန်ပြုတ် ၁၀ ဖာ၊ ဓာတ်ဆားရှစ်အိတ်၊ သွပ်ပြား ၂၆၇ ချပ်၊ စက္ကူဖာသုံးဖာ၊ အရေးပေါ်သုံးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ကိုးခေါက်ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့လေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၅၈ ဦးကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တံတားဦးလေဆိပ်မှ စစ်တွေလေဆိပ်သို့ ယနေ့တွင် တပ်မတော်လေယာဉ်ဖြင့် ငါးကြိမ်ပို့ဆောင်ပေးခဲ့သည်။ အဆိုပါကူညီကယ်ဆယ်ရေးအဖွဲ့များကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က စစ်ကိုင်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့လေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ကိုကိုဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍လည်း အဆိုပါလေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်စုစုပေါင်း ဦးရေ ၆၀၀ ထိ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မိုခါ(MOCHA)မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ IDP Camp များတွင် နေထိုင်သောဘင်္ဂါလီလူမျိုး ဦးရေ ၄၀၀ သေဆုံးသည်ဟု လူမှုကွန်ရက်များတွင်ဖော်ပြနေသောသတင်းများအပေါ် သတင်းမှန်ပြန်ကြားခြင်း

**နေပြည်တော် မေ ၁၉**

မိုခါ(MOCHA) မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ IDP Camp များတွင် နေထိုင်သော ဘင်္ဂါလီလူမျိုးဦးရေ ၄၀၀ သေဆုံးသည်ဟု လူမှုကွန်ရက်စာမျက်နှာအချို့တွင်ဖော်ပြနေကြောင်း တွေ့ရှိရပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မေ ၁၂ ရက် နံနက်ပိုင်းမှစတင်ပြီး ရခိုင်ပြည်နယ် ၁၇ မြို့နယ်သို့ IDP Camp များအပါအဝင် လေဘေးရေဘေးအန္တရာယ်မှ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ဦးဆောင်၍ ခရိုင်၊ မြို့နယ်နှင့်ရပ်ကျေးအဆင့်ထိ ရွှေ့ပြောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ရွှေ့ပြောင်းရာတွင်လည်း စနစ်တကျဦးစားပေးအနေဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးများ၊ မသန်စွမ်းများ၊ကိုယ်ဝန်ဆောင်များကို ရွှေ့ပြောင်းပြီးမှသာလျှင် ကျန်းမာသန်စွမ်းသူများကို အသုတ်လိုက်ရွှေ့ပြောင်းပေးခြင်းများကိုဆောင်ရွက်ခဲ့သည်။ထိုသို့ဆောင်ရွက်ခဲ့ရာတွင် စစ်တွေမြို့အပါအဝင် IDP Camp ၁၇ ခုရှိ ခိုလှုံဘင်္ဂါလီလူဦးရေ ၁၂၅၇၈၉ ဦးအနက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်လိုအပ်သည့် ၆၃၃၀၂ ဦးခန့်ကို ဘေးလွတ်ရာအဆောက်အအုံများနှင့် ဆိုင်ကလုန်း Shelter များသို့ ရွှေ့ပြောင်းနိုင်ခဲ့ပါသည်။ ဆိုင်ကလုန်းမိုခါဝင်ရောက်ပြီးနောက် မေ ၁၇ ရက်ထိမြေပြင်ကောက်ခံရရှိသည့် စာရင်းများအရ တပ်မတော်သားလေးဦး၊ ဒေသခံတိုင်းရင်းသား ၁၈ ဦးနှင့် ဘင်္ဂါလီ ၂၆ ဦး စုစုပေါင်း ၄၈ ဦး သေဆုံးကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ မေ ၁၈ ရက်ထပ်မံရရှိသတင်းအရ ဒေသခံခြောက်ဦးနှင့် ဘင်္ဂါလီ ၉၁ ဦး ပေါင်း ၉၇ ဦး သေဆုံးကြောင်း သတင်းရရှိပါသည်။ ရရှိသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ယခု သေဆုံးသူများသည် တာဝန်ရှိသူများက ပြောင်းရွှေ့ပေးမှုအပေါ် လိုက်ပါခြင်းမရှိဘဲ မိမိအစီအစဉ်ဖြင့် နေအိမ်များ၌ ကျန်ရှိခဲ့သူများသာဖြစ်ပါသည်။

သို့ဖြစ်၍ လူမှုကွန်ရက်များတွင် ဖော်ပြနေသည့် ဘင်္ဂါလီလူမျိုး သေဆုံးသူဦးရေ ၄၀၀ ကျော် ဆိုသည်မှာ မှန်ကန်မှုမရှိပါ။ ထို့ကြောင့် မမှန်သတင်းများထုတ်လွှင့်ကာ ပြည်သူကို အထိတ်တလန့်ဖြစ်အောင်ထုတ်လွှင့်နေသည့် မီဒီယာစာမျက်နှာအချို့ကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်သူစုစုပေါင်း ၁၄၅ ဦး သေဆုံးခဲ့

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) မေ ၁၄ ရက်၌ တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများကိုအချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ထိုသို့ထုတ်ပြန်လျက်ရှိရာ မေ ၁၇ ရက်မွန်းလွဲပိုင်းထိရရှိသော စာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) တိုက်ခတ်မှုကြောင့် ၄၈ ဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA) တိုက်ခတ်မှုကြောင့် မေ ၁၈ ရက် ညပိုင်းထိ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ခြောက်ဦးနှင့် IDP Camp မှ ၉၁ ဦး စုစုပေါင်း ၉၇ ဦးထပ်မံသေဆုံးခဲ့ကြောင်းသိရှိရ၍ သေဆုံးသူ စုစုပေါင်း ၁၄၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## မေ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၁၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၇၈၅၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၆၆၆၅ ဦး |

**နေပြည်တော် မေ ၁၉**

မေ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၀၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၁၂၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် ပြည်ထောင်စုလမ်းသွယ် အမှတ်(၄၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၅-၂၀၂၄ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် ကမ်းနားလမ်း MMM ကွန်ဒို အမှတ် ၄၃-၄၄(8-A)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၅-၂၀၂၄ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၏ အလံပုံစံ



ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပညာရေးဝန်ကြီးဌာန

၂၀၂၄ -၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိ

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၁၉**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့် အဖွဲ့ ၁၃ ဖွဲ့ ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ငါးပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီအနက် **ပြည်ထောင်စုရတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)**က ပါတီတည်ထောင်ခွင့်ပြုသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော် ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။**

**နေပြည်တော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတွင် ကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သား အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉-၅-၂၀၂၄

| ရွှေ |
|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် ၂၃၁၄၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် ၂၃၁၇၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၆၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၆၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | | (မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ | ကျပ် | ၁၉၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ | ကျပ် | ၂၀၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅ | ကျပ် | ၂၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၀ | ကျပ် | ၂၁၃၀ | ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၆၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၁ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၀၈၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၂၀ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၂ . ၇၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၉ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၀၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဝစ်ဘိုင်တောမီးထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း သတိထားစောင့်ကြည့်ရမည်ဖြစ်ကြောင်း အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်း ထုတ်ပြန်



**ကင်ဘာရာ မေ ၁၉**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့အနီး ဝစ်ဘိုင်ဧရိယာတွင် မေ ၁၆ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ တောမီးကို မေ ၁၈ ရက်တွင် ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း သတိထားစောင့်ကြည့်ရမည့် အခြေအနေဖြစ်ကြောင်း အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The West သတင်းဌာနက မေ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကယ်ဆယ်ရေး ဝန်ထမ်းများကလည်း တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရေးကြိုးစားနေဆဲဖြစ်ပြီး နေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ တောမီးထပ်မံကူးစက်လောင်ကျွမ်းခြင်းမရှိစေရန်အတွက် ဦးစားပေးငြိမ်းသတ်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များသည် ပက်သ်မြို့ထိ ပျံ့နှံ့ရောက်ရှိခဲ့ပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်ကြောင်း အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"တောမီးကိုတော့ ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။ ရာနှုန်းပြည့် ထိန်းချုပ်ထားနိုင်တာ မဟုတ်တဲ့အတွက် စောင့်ကြည့်ရမဲ့အခြေအနေဖြစ်ပါတယ်။ နေအိမ်တွေဆီတော့ ကူးစက်နိုင်တဲ့အခြေအနေမျိုး မဟုတ်ပါဘူး"ဟု မီးသတ်နှင့်အရေးပေါ်ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ဆိုမာလီယာနိုင်ငံ ရေမြုပ်နေသောဧရိယာတွင် နေထိုင်သည့်ပြည်သူ ၂၅၀၀၀၀ ကျော်ထိရှိနေ

**မိုဂါဒစ်ရှူး မေ ၁၉**

ဆိုမာလီယာနိုင်ငံတွင် မေလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်အမြောက်အမြားပျက်စီးကာ ဒုက္ခသည်စခန်းသို့ ရွှေ့ပြောင်းနေထိုင်ရသည့် လူဦးရေသန်းနှင့်ချီ၍ရှိနေပြီး အချို့သောဒေသခံများမှာ နေရပ်ကိုစွန့်ခွာခဲ့ခြင်းမရှိဘဲ ရေမြုပ်နေသည့်ဧရိယာများ၌ ဆက်လက်နေထိုင်လျက်ရှိနေကာ ရေမြုပ်နေသည့်ဧရိယာတွင် နေထိုင်သည့် လူဦးရေ ၂၅၀၀၀၀ ကျော်ထိရှိနေကြောင်း ဆိုမာလီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု The Nation သတင်းဌာနက မေ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆိုမာလီယာနိုင်ငံသည် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည်မှာ ဆယ်စုနှစ် လေးစုခန့်ထိ ရှိနေပြီဖြစ်ပြီး မိုးခေါင်ရေရှားပါးမှုကြောင့် စားနပ်ရိက္ခာမဖူလုံသည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ဆယ်စုနှစ်လေးစုခန့်ကြာ မိုးခေါင်ရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် မိုးပြန်လည်ရွာသွန်းချိန်တွင် မိုးရေချိန်မြင့်မားခဲ့ခြင်းကြောင့် ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သိရသည်။

"တစ်မြို့လုံးရေလွှမ်းနေတယ်။ သမုဒ္ဒရာထဲမှာနေရသလိုပဲ။ စီးပွားရေးလုပ်ငန်း လည်ပတ်မှုတွေလဲ ရပ်ဆိုင်းထားရတယ်။ အချို့ဒေသခံတွေဟာ အိမ်ခေါင်မိုးပေါ်တက်နေရတဲ့အခြေအနေဖြစ်ပြီး ဒီလိုပိတ်မိနေတဲ့ ဒေသခံတွေကိုတော့ အသက်ကယ်လှေတွေနဲ့ ကယ်ဆယ်မှုတွေပြုလုပ်နေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းမှာလဲ တတ်နိုင်သလောက် ပါဝင်ပေးနေပါတယ်"ဟု ဘယ်လက်ဝိန်းမြို့မှ စီးပွားရေးလုပ်ငန်းရှင် အာမတ်နာရိက ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံတွင် ရေကြီးရေလျှံမှုပြဿနာဖြင့် အဓိက ရင်ဆိုင်နေရသည့်နယ်မြေမှာ ဟီရန်နယ်မြေဖြစ်ပြီး အဆိုပါနယ်မြေတွင် စာသင်ကျောင်းများနှင့် ဆေးရုံများကို ယာယီပိတ်ထားကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြင့် ရင်ဆိုင်ခဲ့သောမြို့မှာ ဘယ်လက်ဝိန်းမြို့ဖြစ်ပြီး တစ်မြို့လုံးနီးပါး ရေမြုပ်နေကြောင်း သိရသည်။

**နိုင်းဆက်**

# အီတလီနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လူ ၁၃ ဦးသေဆုံးပြီး လူအများအပြားဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**ရောမ မေ ၁၉**

အီတလီနိုင်ငံမြောက်ပိုင်းရှိ Emilia-Romagna ဒေသနှင့် Marcheဒေသတို့တွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းပါးများပြိုကျကာ မြစ်ရေလျှံတက်မှုများဖြစ်ပွားခဲ့သဖြင့် လူ ၁၃ ဦးသေဆုံးပြီး လူအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်း၏ မေ ၁၇ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ BBC သတင်းဌာနက မေ ၁၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အီတလီနိုင်ငံ Adriatic ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် မေ ၁၆ ရက်မှစ၍ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် Emilia-Romagna ဒေသနှင့် Marche ဒေသတို့တွင် ရေကြီးမှု၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး လူ ၁၃ ဦးသေဆုံးကာ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

Emilia-Romagna ဒေသရှိ မြစ် ၂၁ စင်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အထူးသဖြင့် Faenza၊ Cesena နှင့် Forli မြို့တို့တွင် အဆိုးရွားဆုံးထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၄၀၀ ဖြန့်ကြက်ချထားကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်လျက်ရှိပြီး လူဦးရေ ၅၀၀၀၀ ခန့်လျှပ်စစ်မီးပြတ်တောက်လျက်ရှိကာလူဦးရေ ၅၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

ရေကြီးမှုကြောင့် ဖြစ်ပေါ်လာသော ကနဦးကုန်ကျစရိတ်များနှင့် အရေးပေါ်အခြေအနေများအတွက် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ သန်းကို အစိုးရက ခွင့်ပြုပေးထားသည်ဟု အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

**AZH**



# မိုးသစ်တောထိန်းသိမ်းရေးပရဟိတအဖွဲ့တစ်ဖွဲ့က ဗြိတိန်မိုးသစ်တောဂေဟစနစ်ကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းလျက်ရှိ

**လန်ဒန် မေ ၁၉**

ဗြိတိန်အနောက်ဘက်ကမ်းရိုးတန်းဒေသအများအပြားကို လွှမ်းမိုးထားသော မိုးသစ်တောဂေဟစနစ်ကို ပြန်လည်ထူထောင်ရန် ဆဲလ်တစ် မိုးသစ်တောထိန်းသိမ်းစောင့်ရှောက်ရေး ပရဟိတအဖွဲ့တစ်ဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဗြိတိန်သဘာဝပတ်ဝန်းကျင်အေဂျင်စီ၏ သတင်းထုတ်ပြန်ချက်များကိုကိုးကား၍ Sky News သတင်းဌာနက မေ ၁၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်အနောက်ဘက်ကမ်းရိုးတန်းရှိ ရှားပါးပြီးမျိုးသုဉ်းလုနီးပါးဖြစ်နေသော အပင်မျိုးစိတ်များ နေရာတွင် လက်ရှိရာသီဥတု၊ အပူချိန်နှင့်သင့်လျော်သည့် Hormbean အပင်မျိုးစိတ်ကို Snowdonia အမျိုးသားသဘာဝဥယျာဉ်တွင် တစ်နှစ်လျှင် အပင်ရေ ၃၀၀၀၀ ပျိုးထောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က မှန်ကန်တဲ့နေရာမှာ မှန်ကန်တဲ့သစ်ပင်တွေကို ပြန်လည်စိုက်ပျိုးဖို့ဖြစ်ပြီး သစ်ပင်တွေဟာ နှစ်ထောင်ပေါင်းများစွာကြာတဲ့ထိ ရှင်သန်နေမှာဖြစ်ပါတယ်"ဟု အဆိုပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ David Smith က ပြောကြားခဲ့သည်။

Hormbean အပင်မျိုးစိတ်သည် ရာသီဥတုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိပြီး ပျိုးထောင်ထားသည့် အရွယ်ရောက်လာသော အပင်များကို ကမ်းရိုးတန်းဧရိယာတစ်လျှောက် ရွေးချယ်ထားသောနေရာများတွင် ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဂေဟစနစ် ပိုမိုကောင်းမွန်လာပြီး လိပ်ပြာအပါအဝင် ကျောရိုးမဲ့ပိုးမွှားများနှင့် တောရိုင်းတိရစ္ဆာန်များကို လိုက်လျောညီထွေရှင်သန်နေထိုင်နိုင်ရန်လည်း ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တစ်နှစ်လျှင် ပျိုးပင် ၃၀၀၀၀ စိုက်ပျိုးပါက သစ်တောဧရိယာ ၁၅ ဟက်တာခန့်သာ စိုက်ပျိုးနိုင်မည်ဖြစ်သော်လည်း ရှားပါးမျိုးစိတ်ဖြစ်ပြီး ဇီဝလုံခြုံမှုနှင့် ဒေသဆိုင်ရာရောဂါများကို ကာကွယ်နိုင်မည်ဖြစ်သဖြင့် အလွန်ကောင်းမွန်သောစတင်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ AZH

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပုဒ်မဖြင့် တရားစွဲဆိုခံထားရသည့် BP ကုမ္ပဏီကို ဒဏ်ကြေးငွေ ကန်ဒေါ်လာသန်း ၄၀ ပေးဆောင်ရန်ချမှတ်

**လန်ဒန် မေ ၁၉**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် BP ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီသည် ကာဗွန်ထုတ်လွှတ်မှု မြင့်မားသည့်ပြဿနာကြောင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပုဒ်မဖြင့် တရားစွဲဆိုခံထားရပြီး တရားရုံးက BP ကုမ္ပဏီကို ဒဏ်ကြေးငွေပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်လိုက်သည်ဟု US News သတင်းဌာနက မေ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အင်ဒီယာနာတွင် BP ကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်နေသည့် ရေနံတူးဖော်ရေးလုပ်ကွက်များကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေပြီး ကုမ္ပဏီ၏ရေနံချက်စက်ရုံမှ ထုတ်လွှတ်သည့် ကာဗွန်ထုတ်လွှတ်သောပမာဏလည်းမြင့်မားခဲ့ကာ ရေနံချက်စက်ရုံများမှ စွန့်ပစ်သည့်ရေဆိုးများအတွင်း ဘန်ဇင်းဓာတ်များပါဝင်နေသည့်အတွက် တရားစွဲဆိုမှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဘန်ဇင်းဓာတ်များနှင့်လေထုညစ်ညမ်းမှုများသည် ကင်ဆာရောဂါကို ဖြစ်ပေါ်စေနိုင်ခြင်းကြောင့် နယူးယောက်တရားရုံးက BP ကုမ္ပဏီကို ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

BP ကုမ္ပဏီက ပေးဆောင်ရမည့် ဒဏ်ကြေးငွေပမာဏသည် သမိုင်းတစ်လျှောက် အမြင့်မားဆုံးသော ဒဏ်ကြေးငွေပမာဏတစ်ရပ်ဖြစ်ပြီး BP ကုမ္ပဏီကိုလည်း ရေနံတူးဖော်ရေးနှင့် ရေနံချက်လုပ်ငန်းများအတွက် ခေတ်မီသောနည်းပညာများအသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၉၇ သန်းထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရန်လည်း ညွှန်ကြားခဲ့သည်။

BP ကုမ္ပဏီကလည်း တရားရုံးက ချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်သွားမည်ဖြစ်ပြီး ခေတ်မီနည်းပညာများ အစားထိုးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၉၇ သန်းထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# လပွတ္တာမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါဝင်ရောက်တိုက်ခတ်မှုကြောင့် ယာယီရပ်နားခဲ့သည့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေ



**လပွတ္တာ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယာယီရပ်နားထားခဲ့သည့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ မေ ၁၈ ရက်တွင် ပြန်လည်စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း လပွတ္တာမြို့နယ်မှ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင် ဦးကျော်ဆွေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် မေ ၁၂ ရက်က စတင်ပြီး ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါဝင်ရောက်တိုက်ခတ်မှုကို ရှောင်ရှားရန်အတွက် ငါးဖမ်းလုပ်ငန်းများ ယာယီရပ်နားခဲ့ကြောင်း၊ ယခုအခါ မုန်တိုင်းကင်းရှင်းသွားပြီဖြစ်သည့်အတွက် ယာယီရပ်နားခဲ့သည့် ပင်လယ်ငါးဖမ်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ သဘာဝဘေးမုန်တိုင်းကို ရှောင်တိမ်းဖို့ မေ ၁၂ ရက်ကနေ ပင်လယ်ငါးဖမ်းလုပ်ငန်းတွေကို ယာယီရပ်နားထားခဲ့ပါတယ်။ လက်ရှိမှာ ရာသီဥတုသာယာလို့ ပြန်လည်လုပ်ကိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်လယ်ငါးဖမ်းလုပ်ငန်းက သဘာဝဘေးအန္တရာယ်ကို အဓိကစောင့်ကြည့်လုပ်ကိုင်ရတာပါ။ နာဂစ်မုန်တိုင်းကြောင့် သင်ခန်းစာရထားပါပြီ။ ဒီလို ပင်လယ်ငါးဖမ်းလုပ်ငန်းကို ခေတ္တရပ်နားခဲ့လို့ ဘာမှထိခိုက်တာမရှိပါဘူး။ လုပ်သားတွေကိုလဲ ပြန်မလွှတ်ပါဘူး။ လုပ်အားခငွေလဲ နားရက်အတွက် မနုတ်ပါဘူး"ဟု လပွတ္တာမြို့နယ်မှ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင် ဦးကျော်ဆွေက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းကို ငါးဖမ်းစက်လှေများအသုံးပြုပြီး ငါးဖမ်းစက်လှေတစ်စီးလျှင် အမျိုးသား ခုနစ်ဦးမှ ၁၅ ဦးဖြင့် ငါးနှင့်ပုစွန်များကို အဓိက ဖမ်းယူကြကြောင်း၊ အဆိုပါဒေသတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ ယခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းဖြစ်ပေါ်ခြင်းကြောင့် ငါးဖမ်းလုပ်ငန်းများ ယာယီရပ်နားခဲ့ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပန်းတောင်းမြို့နယ် တမာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပန်းတောင်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာအုပ်စု တမာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များနှင့်အတူ ပန်းတောင်းမြို့နယ် တမာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ထားရှိမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ တမာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နဝမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးထားကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမာက ပြောပြ၍ သိရသည်။ **အေးသူ**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧကေ ၁၇၈၅၅၀ စိုက်ပျိုးသွားမည်

**ကလေး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၇၈၅၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင် ကလေးမြို့နယ်တွင် မိုးစပါး ၁၂၈၅၅၂ ဧက၊ ကလေးဝမြို့နယ်တွင် မိုးစပါး ၁၆၆၈၈ ဧကနှင့် မင်းကင်းမြို့နယ်တွင် မိုးစပါးဧက ၃၃၃၁၀ စုစုပေါင်း မိုးစပါးဧက ၁၇၈၅၅၀ ကို ဇွန်လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာလဲ အချိန်မီ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားကျရောက်မှုမရှိအောင် ကာကွယ်ဖို့နည်းလမ်းတွေ ဆောင်ရွက်သွားမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကလေးခရိုင်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၃၉၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါးသီးနှံ ၃၈၅၇ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ပင်လောင်းမြို့နယ် တင်းထက်(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း မေ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စင်းတောင်းကျေးရွာအုပ်စု တင်းထက်(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တင်းထက်(မ)ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ဒုတိယအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၃၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှိုသန်းညွန့်**



# ရေနံချောင်းမြို့နယ် နောကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရေနံချောင်း မေ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေနံချောင်းမြို့နယ် နောကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ နောကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် သတ်မှတ်ထားသည့် လမ်းအရှည်၊ အကျယ်စံနှုန်းများ၊ မြေပြင်အခြေအနေကိုက်ညီမှု ရှိ၊ မရှိ၊ ကိုက်ညီသည့် လမ်းအမျိုးအစားဖြစ်စေရေးအတွက် မြေပြင်အနိမ့်၊ အမြင့်တိုင်းတာခြင်း၊ လမ်းအူကြောင်းရှာဖွေခြင်း၊ လက်ရှိကုန်ထုတ်လမ်းအသုံးပြုမှု၊ မြေနေရာရရှိနိုင်မှု၊ ရေပြွန်နှင့် တံတားလိုအပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ကုန်ထုတ်လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပါက ကျေးရွာမှ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကူညီပေးစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် နောကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လျာထားတင်ပြ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပေးသွားမည်ဆိုပါက နောကန်ကျေးရွာရှိ လူ ၁၆၈၅ ဦးတို့၏ လယ်ယာမြေ ၁၄၇၆ ဧကမှ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။ **နွဲ့ယဉ်**

# အတ္တနှင့် အစမ္မ

**လင်းသွေးအိမ်(ကျိုက်မရော)**

လူတို့သည် အတ္တ၏ သားကောင်များဖြစ်ပြီး လူသားမှန်လျှင် အတ္တနှင့်မကင်းကြပေ။ အတ္တနည်းခြင်း၊ များခြင်းကိုလိုက်၍ ချီးမွမ်းမှု၊ ကဲ့ရဲ့မှုတို့ကို လူမှုနယ်ပယ်၌ ပြောစမတ်ပြုကြသည်။ "ဒီလူက အတ္တကြီးတဲ့သူ၊ သူ့အတွက်၊ သူ့မိသားစုအတွက်ဆို ဘယ်အရာကိုမှ ငဲ့ညှာခြင်းမရှိလောက်အောင်ကို အတ္တကြီးသူ"ဟု ပြောဆိုကြသည်။ "ဒီလူကတော့ ပရဟိတသမား သူ့ကိုယ်ကျိုးထက် အများအကျိုးကို ကြည့်သူ၊ အနစ်နာခံသူ"ဟု မှတ်ချက်ပြုကြသည်။ လူသားအားလုံးသည် အမိဝမ်းမှကျွတ်သည်နှင့် တစ်ပြိုင်နက် အတ္တသည် အဖော်အဖြစ် လူ့ဘဝထဲသို့ တွယ်ကပ်ဝင်ရောက်လာခဲ့သည်။ အတ္တဟူသည် လူ့ခန္ဓာနှင့်အတူတကွ ရှင်သန်ရင်းက လူ့ဘဝ သက်တမ်းကုန်သည်ထိ လူတို့၏စိတ်သန္တာန်၌ ခိုဝင်ရင်း ဘဝချုပ်ငြိမ်းသည်ထိ အတူရှိခဲ့ကြသည်။

လူသားတိုင်း၌ အတ္တကိုယ်စီရှိကြသည်။ သာမန်နှင့် လွန်ကဲခြင်းသာ ကွာခြားကြသည်။ သာမန်က ရှိသင့်သော်လည်း လွန်ကဲခြင်းက အစွန်းတစ်ဖက်သို့ ရောက်ရှိကာ အစမ္မဘက်သို့ ရွေ့လျားသွားကြသည်။ အတ္တလွန်ကဲခြင်း၏အစမ္မကား ဘဝ၌ ကြောက်မက်ဖွယ်ကောင်းသောအကြောင်းတရားဖြစ်လေသည်။

မိမိမြတ်နိုးသောပစ္စည်းတစ်ခုကို တစ်ပါးသူအား ပေးကမ်းရန်တွန့်တိုကြသည်။ မိမိစားသောက်မည့် အစားအစာကို တစ်ပါးသူအား လွယ်လွယ်ကူကူ ကျွေးရန် ဝန်လေးကြသည်။ မိမိနေထိုင်သော အိမ်ရာ အဆောက်အအုံကို တစ်ပါးသူအား အပြီးအပိုင် ပေးကမ်းရန် ပို၍မဖြစ်နိုင်ကြသလို မိမိပိုင်ဆိုင်သော ငွေကြေးဥစ္စာကို တစ်ပါးသူအား ပုံပေးခြင်းမရှိကြပေ။ ဤသည်ကား အတ္တဖြစ်သည်။ လိုချင်တပ်မက်မှု၌လည်း အတ္တသည် ရှေ့ဆုံးကရပ်တည်သည်။ ကောင်းတာဝတ်ချင်စိတ်၊ ကောင်းတာစားချင်စိတ်နှင့် ကောင်းစွာ နေချင်စိတ်တို့သည် လူသားအားလုံးနီးပါး၏ စိတ်သန္တာန်၌ အမြစ်တွယ်နေကြမြဲဖြစ်သည်။ တစ်ပါးသူထက် သာလွန်ချင်သောအတ္တက ပုံမှန်မဟုတ်ဘဲ တလွဲအတ္တဘက်သို့ဦးတည်၍ သွားကြသောအခါ လူသားမဆန်သော အတ္တလွန်ကဲမှုများဖြစ်လာကြသည်။

အတ္တသည် လူသားတို့၌ မရှိ၍မရသောအရာဖြစ်သည်။ အတ္တမရှိဘဲ ခန္ဓာကိုယ်ကိုတည်ဆောက်၍ မရနိုင်သလို မိသားစု၊ ဆွေမျိုးဉာတကာ၊ ပတ်ဝန်းကျင်ကိုတည်ဆောက်၍မရနိုင်။ ထို့အတူ မြို့၊ ရွာ၊ ရပ်ကွက်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် နိုင်ငံကိုတည်ဆောက်၍ ရအံ့မထင်ပါ။ မိသားစု၊ မြို့၊ ရွာ၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် နိုင်ငံကို တိုးတက်ကြီးပွားချမ်းသာစေချင်လိုသောစိတ်သည် လူသားဆန်သော မူမှန်သည့် အတ္တစိတ်ပင်ဖြစ်သည်။ ထိုအတ္တစိတ်ကင်းလွတ်သွားသည်နှင့်အမျှ အရာအားလုံးသည် အောင်မြင်တိုးတက်မှုနှင့် အလှမ်းဝေးပြီး နိမ့်ကျသောဘဝနှင့် နိမ့်ကျသောလူနေမှုအဆင့်ကို မုချမသွေရောက်ရှိသွားကြမည်သာဖြစ်သည်။

အတ္တလွန်ကဲခြင်း အစွန်းတစ်ဖက်ဖြစ်သော အစမ္မလမ်းစဉ်နောက်သို့ လိုက်ပါသွားသူတိုင်း အရာရာကို အစမ္မနည်းလမ်းသုံး၍ နိုင်ငံနှင့်လူမျိုး၊ အမျိုးဘာသာ သာသနာကို စော်ကားကြသည်ထိ မြင့်မားသွားကြလေတော့သည်။ အချို့သည် ပညာရေး၌ အတ္တစိတ်ကြီးသည်။ မိမိသာ တော်ချင်တတ်ချင်သည်။ မိမိသာ ပညာတတ်ကြီးဖြစ်ချင်သည်။ မိမိသာ ဂုဏ်ထူးဘွဲ့ထူးပေါင်းများစွာ ပိုင်ဆိုင်ချင်သည်။ မိမိသာ ပညာဂုဏ်ဖြင့် မော်ကြွားဝင့်ထည်ချင်ကြသည်။ တချို့က စီးပွားရေး၌ အတ္တကြီးကြသည်။ မိမိသာ ချမ်းသာကြွယ်ဝချင်သည်။ လုပ်ငန်းမှန်သမျှကို တစ်ဦးတည်း ချုပ်ကိုင်လွှမ်းမိုးချင်သည်။ စီးပွားပြိုင်ဘက်အချင်းချင်းအပေါ် အနိုင်ယူချင်ကြသည်။ သာလွန်ချင်စိတ်ကြီးသည်။ စီးပွားရေးကိစ္စ၌ အမြဲတမ်းသာအောင် အားထုတ်ချင်စိတ်ကြီးကြသည်။ စီးပွားရေးဖြင့် ကြွယ်ဝချမ်းသာပြီး မနေရှင်ဆန်သောစိတ်ဖြင့် လူသားများကို ချုပ်ကိုင်လွှမ်းမိုးချင်ကြသည်။

> ❖ အတ္တမရှိသောလူသည် ဆားမပါသောဟင်းတစ်ခွက်ကဲ့သို့ ပေါ့ပြက်ပြက်ဖြစ်နေမည်။ ဟင်းကောင်းတစ်ခွက်၌ ဆားသည် အထိုက်အလျောက်ပါဝင်ရမည့်ပစ္စည်းတစ်မျိုးဖြစ်သကဲ့သို့ လူသားတို့၏ဘဝ၌လည်း အတ္တသည် ရှိသင့်သည့်အတိုင်းအတာတစ်ခုအဖြစ်ရှိနေရမည်ဖြစ်သည်။ မည်သည့်ကိစ္စရပ်မျိုးတွင်မဆို တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း မည်သည့်အရာမှ လွန်ကဲသွား၍မရနိုင်ပေ။ ဆားများစွာထည့်မိ၍ ဟင်းကောင်းတစ်ခွက်ပျက်စီးသွားသကဲ့သို့ အတ္တလွန်ကဲခြင်းကြောင့် ပျက်စီးသွားသောအရာတို့ လောက၌များစွာရှိလေသည်။ အတ္တကို အလွန်အကျွံထားရှိခြင်းကြောင့် အတ္တ၏နောက်ပါး၌ အစမ္မကပ်ပါငြိတွယ်လာခဲ့သည်။ ❖

ကမ္ဘာပေါ်၌ မီလီယံ၊ ဘီလီယံပေါင်းများစွာ ကြွယ်ဝချမ်းသာကြသော ကမ္ဘာ့နံပါတ်တစ် သန်းကြွယ်သူဌေး အချို့မှုကား မနေအင်အားကို အကြောင်းပြုပြီး နိုင်ငံ၏အခြားကိစ္စများ၌ပင် ဝင်ရောက်သည်ထိ ဖြစ်လာကြသည်။ ကမ္ဘာပေါ်တွင် ချမ်းသာကြွယ်ဝပြီး နိုင်ငံတော်သမ္မတဖြစ်သွားသူတချို့ရှိခဲ့သည်။ စီးပွားရေးလောကမှ နိုင်ငံရေးလောကသို့ ချဉ်းနင်းဝင်ရောက်ခြင်းဟု မှတ်ယူနိုင်သည်။ ဥပမာ-ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော အမေရိကန်နိုင်ငံ၏ သမ္မတများထဲမှ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတဘားရက်အိုဘားမားကို ရွေးကောက်ပွဲ၌အနိုင်ရကာ သမ္မတဖြစ်လာခဲ့သည်။ ဒေါ်နယ်ထရန့်သည် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်နှင့် အညီ အမေရိကန်နိုင်ငံ၏ အကြွယ်ဝဆုံး၊ အချမ်းသာဆုံး လူချမ်းသာစာရင်းဝင်ဖြစ်သည်။ နိုင်ငံရေးကို စိတ်ဝင်စားပြီး စီးပွားရေးနှင့်နိုင်ငံရေးကိုတွဲလျက် အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ခဲ့သူဖြစ်သည်။

စီးပွားရေးအောင်မြင်မှုအတွက် သူသည် အတ္တကို အရင်းခံခဲ့ရသည်။ အတ္တမရှိဘဲ လူချမ်းသာမဖြစ်နိုင်။ လူချမ်းသာဖြစ်ပြီး နောက်တစ်ဆင့်ဝင်ရောက်လာသောအတ္တက နိုင်ငံ့ခေါင်းဆောင်ဖြစ်ချင်သော အတ္တဖြစ်သည်။ ထိုအတ္တကိုအရင်းခံပြီး နိုင်ငံတော်သမ္မတအဆင့်ကို တက်လှမ်းနိုင်ခဲ့သည်။ ဤနေရာတွင် သူ့၌ မတော်နည်းလမ်းအစမ္မနည်းဖြင့် ကြိုးပမ်းအားထုတ်ခြင်းမျိုးမရှိဘဲ သာမန်အတ္တဖြင့်သာ အထွတ်အထိပ်သို့ရောက်အောင် ကြိုးစားသူဖြစ်သည်။

ထို့ကြောင့် အတ္တသည် လူသားတို့၏ ဖွားဖက်တော်ဖြစ်သည်။ အတ္တမရှိ၍မရပေ။ လူသားဘဝ ရပ်တည်နိုင်ရန်အတွက် အတ္တလိုသည်။ အတ္တကင်းသူအတွက် ဆင်းရဲတွင်းနက်တတ်သည်။ မိမိ၏အတ္တကို အလေးမထားသူအတွက် အောင်မြင်မှုလမ်းစသည်လည်း မရရှိနိုင်ပေ။ လူတိုင်းလူတိုင်းထားရှိရမည့် အတ္တသည်ကား မရှိမဖြစ်အဓိကကျသောအရာဖြစ်ပေသည်။ ပညာမတတ်ရင်လည်းနေ ငါကျောင်းမတက်ဘူး။ ငါ့အတွက်ပညာမလိုဘူးဟု မှတ်ယူသူကား မယူမဖြစ်ယူရမည့် ကိုယ်ကျိုးအတ္တကို ဥပေက္ခာပြုခြင်းဖြစ်သည်။ စီးပွားဥစ္စာကို အများသူငှာလို ကြိုးကြိုးစားစားမရှာဖွေဘဲ ရှိတာစား၊ ရတာဝတ် ဖြစ်သလိုနေတတ်ခြင်းသည် ကိုယ်ကျိုးအတ္တနည်းသူအတွက်လည်း ဘဝတွင် ကြီးပွားစရာလမ်းစမမြင်ပေ။

အတ္တမရှိသောလူသည် ဆားမပါသော ဟင်းတစ်ခွက်ကဲ့သို့ ပေါ့ပြက်ပြက်ဖြစ်နေမည်။ ဟင်းကောင်းတစ်ခွက်၌ ဆားသည် အထိုက်အလျောက်ပါဝင်ရမည့်ပစ္စည်းတစ်မျိုးဖြစ်သကဲ့သို့ လူသားတို့၏ဘဝ၌လည်း အတ္တသည် ရှိသင့်သည့်အတိုင်းအတာတစ်ခုအဖြစ်ရှိနေရမည်ဖြစ်သည်။ မည်သည့်ကိစ္စရပ်မျိုးတွင်မဆို တန်ဆေး လွန်ဘေးဆိုသည့်အတိုင်း မည်သည့်အရာမှ လွန်ကဲသွား၍မရနိုင်ပေ။ ဆားများစွာထည့်မိ၍ ဟင်းကောင်းတစ်ခွက် ပျက်စီးသွားသကဲ့သို့ အတ္တလွန်ကဲခြင်းကြောင့် ပျက်စီးသွားသောအရာတို့ လောက၌ များစွာရှိလေသည်။ အတ္တကို အလွန်အကျွံထားရှိခြင်းကြောင့် အတ္တ၏နောက်ပါး၌ အစမ္မကပ်ပါငြိတွယ်လာခဲ့သည်။

အတ္တနှင့်ပရည်ညွတ်ရမည့်အစား အတ္တနှင့်အစမ္မ ရောထွေးမှုကြောင့် အတ္တအစွန်းရောက်ခြင်းဖြစ်ပေါ်လာခဲ့ရသည်။ တဖြည်းဖြည်းနှင့် အစမ္မသည် အတ္တ၏ ပုံဆောင်ခဲတစ်ခု ဖြစ်မှန်းမသိဖြစ်သွားသောအခါ လူမှုနယ်ပယ်၌ အစမ္မအမှုတို့သည်အမြစ်တွယ်၍ ရှင်သန်လာခဲ့ကြသည်။ စီးပွားရေးလောက၌ အစမ္မ၏ဆွဲခေါ်ရာကို အတ္တကြီးသူတချို့ လိုက်ပါဆောင်ရွက်သွားကြသည်။ ထို့အတူ အခြားသောအကြောင်းတရားများ၌လည်း အစမ္မ၏ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားကြသကဲ့သို့ စစ်ရေးစစ်ရာတွင်လည်း အတ္တကြောင့် အစမ္မစစ်ပွဲများ ပေါ်ထွက်လာရသည်။

နိုင်ငံရေးအတ္တကြီးသူတချို့အတွက် မိမိနှင့် မိမိပါတီမျက်နှာတစ်ခုတည်း အာဏာစိုးမိုးရေးအတွက် အတ္တကို ရှေ့တန်းတင်လာကြရာမှ အစမ္မသည် အလုံးအရင်းနှင့်ဝင်ရောက်လာပြီး နိုင်ငံရေးမိစ္ဆာ၊ နိုင်ငံရေး၏ ကျေးကျွန်ဘဝသို့ ရောက်မှန်းမသိရောက်ကုန်ကြသည်။ အမှန်တရားနှင့်ပရဟိတစိတ်ထက် အတ္တ၏ လွှမ်းမိုးချုပ်ကိုင်ခြင်းကိုခံလိုက်ရသောအခါ အစမ္မသည် အရှင်သခင်အဖြစ် ခေါင်းမော့လာပြီး နိုင်ငံရေးလောက၌ အဖတ်ဆယ်၍မရနိုင်လောက်အောင်ဖြစ်သွားကြသည်ကို တွေ့မြင်ခဲ့ရသည်။ စီးပွားရေးအစမ္မက မိမိ၏ပြိုင်ဘက်ကိုသာ ထိခိုက်နစ်နာစေသော်လည်း နိုင်ငံရေးအစမ္မက နိုင်ငံနှင့်ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာခဲ့ရသည်။

နိုင်ငံရေးအတ္တနှင့်ယှဉ်၍ဖြစ်သော စစ်ရေးအတ္တကား ပို၍ကြောက်စရာကောင်းလှသည်။ အချိန်ကာလကြာရှည်သလို ထိခိုက်ဆုံးရှုံးမှုအနမတဂ္ဂဖြစ်သည်။ မြန်မာနိုင်ငံအတွက်တော့ လွတ်လပ်ရေးသမိုင်းကြောင်းနှင့်ယှဉ်၍ဖြစ်လာခဲ့သလို ရာစုတော်တော်များများကို ချုပ်ကိုင်လွှမ်းမိုးခဲ့သည်။ လူတချို့၏အတ္တများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများ ထိခိုက်နစ်နာခဲ့ရသလို ပြည်လူလူထုဘဝများ၌ စီးပွားရေး အကျပ်အတည်း၊ လူနေမှုအကျပ်အတည်း၊ လူထုဆက်ဆံရေးအခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ယနေ့မျက်မှောက်ကာလတွင်လည်း နိုင်ငံရေးအတ္တ၏ပုံရိပ်ဆိုးကြောင့် အစမ္မဝါဒီတို့ခေါင်းထောင်ဦးမော့လာရာမှ နိုင်ငံတော်၏ ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအခန်းကဏ္ဍများကို တိုးတက်မှုနှောင့်နှေးစေခဲ့သည်။

အစမ္မကို လက်ကိုင်ပြုကာ နည်းလမ်းပေါင်းစုံဖြင့် နှောင့်ယှက်ဖျက်ဆီးကြ၍ နိုင်ငံတော်၏ကုန်ထုတ်စွမ်းအား၊ နိုင်ငံတော်၏အဆောက်အအုံများနှင့်အတူ ပညာတတ်အရင်းအမြစ်များ၊ နိုင်ငံ့သားကောင်းရတနာများ၊ သမိုင်းဝင်သာသနိကအဆောက်အအုံများအပြင် သာသနာကို ထွန်းကားပြန့်ပွားအောင် လုပ်ဆောင်ပေးနေကြသော ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များစွာ နစ်နာဆုံးရှုံးခဲ့ရခြင်းအပြေသည်ကား နိုင်ငံရေးအတ္တမှဖြစ်သော နိုင်ငံရေးအစမ္မကြောင့်သာ ဖြစ်ရပါကြောင်းနှင့် အနာဂတ်နိုင်ငံ့တော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစမ္မဝါဒီများ အမြန်ကျဆုံးပါစေကြောင်း ရေးသားလိုက်ရပါသည်။

# နမ္မတူမြို့နယ် ပန်နွဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**နမ္မတူ မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်နွဲ့၊ နမ့်ကတ်၊ နမ့်ယန်းနှင့် မိုင်းတောင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ပန်နွဲ့ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်နွဲ့၊ နမ့်ကတ်၊ နမ့်ယန်းနှင့် မိုင်းတောင်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့ မန်စီးတီး၊ အင်တာမီလန်၊ အေတီကိုအသင်းတို့ကို အားပေးရမှာပါ

ML




ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနဲ့ တန်းဆင်းဇုန်က ရုန်းရမဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ လက်ရှိမှာ အသင်းငယ်တွေဟာ တန်းဆင်းဇုန်ရုန်းအားကြောင့် အသင်းကြီးတွေကို ဖိအားပေးကစားနိုင်သလို အသင်းကြီးတွေကလဲ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ ဆုဖလားမျှော်လင့်ချက်အတွက် အစွမ်းကုန်တိုက်စစ်ဖွင့်ကစားနေတာကိုတွေ့ရမှာပါ။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေ ကစားခဲ့ရတဲ့ အသင်းကြီးအများစုဟာ ကစားသမားအလှည့်ကျအသုံးပြုခဲ့ပြီး အမှတ်ပေးပွဲမှာ ရမှတ်မဆုံးရှုံးဖို့အတွက် အာရုံစိုက်နေတာကို သတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ရမှတ်လိုအပ်ချက်ရှိနေပြီး ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းကြီးတွေကိုပဲ အဓိကအားပေးသွားရမှာဖြစ်ပါတယ်။

## မန်စီးတီး အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မန်စီးတီးနဲ့ ချဲလ်ဆီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံရောက်ရှိနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ရီးရဲလ်မက်ဒရစ်ကို ဂိုးပြတ်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ကို အနိုင်ရတာနဲ့ ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားကို ရရှိမှာဖြစ်သလို သုံးနှစ်ဆက်တိုက် ဆုဖလားရရှိတဲ့ အသင်းအဖြစ်လဲ မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်မှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဖေဖော်ဝါရီ ၅ ရက်မှာ စပါးအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း ၃-၂-၄-၁ ကစားကွက်ကို အသုံးပြုခဲ့ပြီး အဲဒီကစားကွက်မှာ ကွင်းလယ်ခံစစ်မှာ ဘာနာဒိုးဆေးဗား ဆင်းကစားခဲ့လို့ တိုက်စစ်ပိုင်းထက်မြက်လာသလို နိုင်ပွဲတွေဆက်လာတာဖြစ်ပါတယ်။ လက်ရှိမှာ အဲဒီကစားကွက်ရဲ့ အဓိကကျတဲ့နေရာမှာ ဒဏ်ရာကောင်းမွန်လာတဲ့ ဂျွန်စတုန်းပါဝင် ကစားနေသလို နည်းပြ ဂွာဒီယိုလာရဲ့နည်းစနစ်နဲ့ အံ့ဝင်နေတာကြောင့် သူတို့အသင်းရလဒ်ကောင်းတွေ ရရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် နည်းပြ ဂွာဒီယိုလာရဲ့ ပြောင်းလဲလာတဲ့ ကစားကွက် အခင်းအကျင်းကို ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ချဲလ်ဆီးအသင်း တားဆီးဖို့ မဖြစ်နိုင်သလို ဂိုးမပြတ်အောင်ပဲ ကြိုးစားရမှာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ အခုရာသီမှာ နည်းပြသုံးယောက်ထိပြောင်းလဲခဲ့ပေမဲ့ ပြိုင်ပွဲစုံမှာ ရလဒ်မကောင်းခဲ့သလို အမှတ်ပေးပြိုင်ပွဲမှာလဲ ဥရောပဝင်ခွင့်နဲ့ လွဲချော်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြတူချယ်နေရာမှာ နည်းပြဂရာဟမ်ပေါ်တာကို ခန့်အပ်ခဲ့ပေမဲ့ အလုပ်မဖြစ်ခဲ့ဘဲ ရလဒ်ပိုင်းကျဆင်းခဲ့ရတာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြဂရာဟမ်ပေါ်တာနေရာမှာ နည်းပြလမ်းပတ်ကို ယာယီခန့်အပ်ခဲ့ပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာခဲ့ရသလို ပရီးမီးယားလိဂ်မှာလဲ နိုင်ပွဲတစ်ပွဲပဲရရှိခဲ့တဲ့ မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀၀ ကျော်သုံးစွဲခဲ့ပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားအဆင့်က ထွက်ခွာခဲ့ရသလို အမှတ်ပေးပြိုင်ပွဲမှာလဲ ဥရောပဝင်ခွင့်နဲ့ လွဲချော်ခဲ့တာကြောင့် ငွေကြေးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ခံစစ်က ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီ မန်စီးတီးနဲ့ သုံးကြိမ်တွေ့ဆုံမှုမှာ သုံးကြိမ်စလုံး ရှုံးနိမ့်ခဲ့သလို အခုတစ်ကြိမ်မှာလဲ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် နိုင်ပွဲရှာဖို့ ခက်ခဲမှာပါ။ အခုပွဲစဉ်မှာ ချဲလ်ဆီးအသင်းဟာ ရီစီဂျိမ်း၊ ကန်တီ၊ မေဆင်မောင့်၊ ကူကူ ရယ်လာ၊ ကူလီဘာလေ၊ ဘန်ချီဝဲလ်၊ ဘရိုဂျာတို့လို အဓိကကစားသမားတွေ မပါနိုင်တာကြောင့် မန်စီးတီးအသင်းရဲ့ ဟာလန်း၊ ဂရီလစ်၊ ဒီဘရိုင်းတို့ တိုက်စစ်အတွဲကို ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရယူပြီး ဆုဖလားကိုင်မြှောက်ဖို့ ကြိုးပမ်းလာမဲ့ မန်စီးတီးပဲ အနိုင်ရမှာပါ။

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၃ | - | ၀ | ဝက်စ်ဟမ်း |
| မန်စီးတီး | ၂ | - | ၁ | လိဒ် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၁ | မန်စီးတီး |
| အဲဗာတန် | ၀ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၄ | - | ၀ | ရီးရဲလ်မက်ဒရစ် |

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ချဲလ်ဆီး | ၀ | - | ၂ | ဘရန့်ဖို့ဒ် |
| အာဆင်နယ် | ၂ | - | ၁ | ချဲလ်ဆီး |
| ဘုန်းမောက် | ၁ | - | ၃ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၂ | နော်တင်ဟမ် |

## အင်တာမီလန်နဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နာပိုလီနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စီးရီးအေဆုဖလား ရရှိထားတဲ့ နာပိုလီဟာ ဖလားရယူပြီးနောက်ပိုင်း ကစားအားကျဆင်းသွားတာကြောင့် ဆလာနီတာနာ၊ အူဒီးနီးစ်၊ မွန်ဇာအသင်းတို့ကို အနိုင်မရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ နည်းပြ စပယ်လက်တီဟာ အိုစီမန်တစ်ယောက်တည်းကိုပဲ ပုံမှန်အသုံးပြုနေပြီး ကျန်ကစားသမားတွေကိုတော့ အလှည့်ကျကစားခိုင်းနေတာကို တွေ့ရမှာပါ။ ဒါကြောင့် နောက်ပိုင်းပွဲစဉ်တွေဟာ ရလဒ်ပိုင်းမှန်းရခက်သလို အမှတ်လိုနေတဲ့ အသင်းတွေနဲ့ဆို အမြတမ်းရုန်းကန်နေရတာကို သတိပြုရမှာပါ။ အခုနှစ် နာပိုလီအသင်းရဲ့ ကစားပုံနဲ့ ကစားသမားစုဖွဲ့မှုဟာ ဥရောပထိပ်သီးအသင်းကြီးတွေထဲမှာ အကောင်းဆုံးအဆင့်ထိရောက်ရှိခဲ့ပေမဲ့ ပြီးခဲ့တဲ့ ဧပြီလနောက်ပိုင်းမှာ ဒဏ်ရာရကစားသမားတွေကြောင့် ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် အိုစီမန်နဲ့ ကာဗာရက်ရှီလီယာတို့အတွဲဟာ အချိတ်အဆက်မမိတော့ဘဲ ကာဗာရက်ရှီလီယာဟာ ပုံစံကောင်းမရတော့တာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ပွဲထွက်ခွင့်ပါပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံး ခုနစ်ပွဲတွေ့ဆုံမှုမှာလဲ နာပိုလီက အင်တာမီလန်ကို အနိုင်ရခဲ့ခြင်းမရှိပါဘူး။

အင်တာမီလန်အသင်းဟာ နည်းပြ ဆီမြွန်နီအင်ဇာဂီလက်ထက်မှာ ပုံစံကောင်းပြန်လည်ရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာလဲ အတ္တလန်တာ၊ ဂျူဗင်တပ်တို့ကို အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲထိ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဆီမြွန်နီအင်ဇာဂီဟာ နောက်ဆုံးပွဲစဉ်မှာ ကစားသမားအလှည့်ကျအသုံးပြုသွားခဲ့တာက အခုပွဲအတွက် ပြင်ဆင်ခဲ့သလို နောက်ဆုံးအဝေးကွင်း ရှစ်ပွဲဆက်မှာလဲ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ၃-၅-၂ အခင်းအကျင်းနဲ့ ပွဲထွက်လာဖို့ရှိပြီး ဒီဇစ်ကို၊ မာတီနက်ဇ်အတွဲနဲ့ နာပိုလီအသင်းကိုအနိုင်ကစားလာမှာပါ။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုနေတဲ့ ဧည့်သည် အင်တာမီလန်နဲ့ပဲ လက်တွဲရမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၀ | - | ၁ | နာပိုလီ |
| နာပိုလီ | ၁ | - | ၁ | ဆလာနီတာနာ |
| အူဒီးနီးစ် | ၁ | - | ၁ | နာပိုလီ |
| နာပိုလီ | ၁ | - | ၀ | ဖီအိုရင်တီးနား |
| မွန်ဇာ | ၂ | - | ၀ | နာပိုလီ |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၀ | - | ၆ | အင်တာမီလန် |
| ရိုးမား | ၀ | - | ၂ | အင်တာမီလန် |
| အေစီမီလန် | ၀ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၄ | - | ၂ | ဆက်ဆူအိုလို |
| အင်တာမီလန် | ၁ | - | ၀ | အေစီမီလန် |

## အေတီကိုကိုပဲ အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ အေတီကိုနဲ့ အိုဆာဆူနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေတီကိုအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မသေချာသေးပေမဲ့ ပြီးခဲ့တဲ့ အဝေးကွင်းမှာ တန်းဆင်းသွားရတဲ့ အယ်ချီကို မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့ရတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဆင့်(၂)ကနေ အဆင့်(၃)ထိရောက်ရှိခဲ့ပြီး လက်ရှိမှာ ၃၄ ပွဲကစားအပြီး ရမှတ် ၆၉ မှတ်ပဲ ရရှိနေသေးတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့ပေမဲ့ အိမ်ကွင်း ကိုးပွဲဆက်မှာတော့ ရှုံးပွဲမရှိသေးတာကို သတိပြုရမှာပါ။ လက်ရှိ နည်းပြ ဆီမြွန်နီလက်အောက်မှာလဲ မိုရာတာ၊ ဂရစ်ဇ်မန်းတို့အတွဲက ပုံစံကောင်းပြသနေပြီး ကစားသမားနှစ်ယောက်စလုံးက သွင်းဂိုး ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဂိုးသမားအိုဘလက်၊ ခံစစ်က ဆာဗစ်၊ ကွင်းလယ်က လီမာတို့ ဒဏ်ရာရနေပေမဲ့ ကစားသမားအင်အား တောင့်တင်းတဲ့ သူတို့အသင်းအတွက် အခက်တွေ့မှာ မဟုတ်သလို အိုဆာဆူနာအသင်းကို ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာ သေချာပါတယ်။

အိုဆာဆူနာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးခြောက်ဂိုးထိ ရှိခဲ့တာကို တွေ့ရမှာပါ။ အဝေးကွင်းပွဲစဉ်တွေမှာတော့ ပုံစံကောင်းရဖို့ ရုန်းကန်ခဲ့ရတာကြောင့် နောက်ဆုံးအဝေးကွင်း ငါးပွဲမှာတစ်ပွဲပဲ အနိုင်ရခဲ့ပါတယ်။ သူတို့အသင်း အနိုင်ရခဲ့တာကလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ကာဒီဇက်အသင်းကိုဖြစ်ပါတယ်။ လက်ရှိအိုဆာဆူနာအသင်းတိုက်စစ်ကို အဗီလာက ဦးဆောင်နေပြီး သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူထားပေမဲ့ ခံစစ်ကောင်းတဲ့ အသင်းကြီးတွေကိုတော့ ဂိုးရဖို့ ရုန်းကန်ခဲ့ရပါတယ်။ သူတို့ အသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမဲ့ အေတီကိုနဲ့ယှဉ်ရင်တော့ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းက အားနည်းနေလို့ အခုပွဲစဉ်မှာ အေတီကိုရဲ့ တိုက်စစ်အတွဲကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် အိမ်ကွင်းရလဒ်ကောင်းနေတဲ့ အေတီကိုရဲ့ ရုန်းအားကြောင့် အဝေးကွင်း ခံစစ်ပိုင်းကျဆင်းနေတဲ့ အိုဆာဆူနာအသင်း ရှုံးပွဲကြုံမှာပါ။ ဒါကြောင့် မဖြစ်မနေနိုင်ပွဲရှာဖို့ လိုအပ်နေတဲ့ အိမ်ရှင်အေတီကိုကိုပဲ အားပေးရမှာပါ။

### အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၁ | - | ၀ | အေတီကို |
| အေတီကို | ၃ | - | ၁ | မာယော့ကာ |
| ဗယ်လာဒိုးလစ် | ၂ | - | ၅ | အေတီကို |
| အေတီကို | ၅ | - | ၁ | ကာဒီဇက် |
| အယ်ချီ | ၁ | - | ၀ | အေတီကို |

### အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၀ | - | ၁ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၀ | - | ၂ | ဆိုစီဒက် |
| ဘာစီလိုနာ | ၁ | - | ၀ | အိုဆာဆူနာ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၃ | - | ၁ | အယ်မာရီယာ |

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၄ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၄ ရက်မှ ၂၄-၅-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှု အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၉၆ သန်းရရှိ



**ကော့သောင်း မေ ၁၉**

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင် ထိုင်းနိုင်ငံ ရနောင်းဈေးကွက်သို့ ရေထွက်ကုန် ၁၉၇၆ ဒသမ ၈၉၁ တန် တင်ပို့ရောင်းချပေးနိုင်သဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၆ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကော့သောင်းငါးလုပ်ငန်းဦးစီးဌာန၏ သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာ့ပင်လယ်ပြင်၌ ငါးမဖမ်းရရာသီကို ဧပြီလမှ ဇွန်လထိ သုံးလသတ်မှတ်ခဲ့သဖြင့် အဆိုပါကာလအတွင်း ကမ်းဝေးငါးဖမ်းစက်လှေများ ရပ်နားကာ ကမ်းနီးရေလုပ်ငန်းများမှ ရေထွက်ကုန်များကိုသာ ထိုင်းနိုင်ငံ ရနောင်းဈေးကွက်သို့ တင်ပို့ရောင်းချပေးရမည်ဖြစ်သဖြင့် ရေထွက်ကုန်တင်ပို့မှု လျော့ကျသွားမည်ဟု ခန့်မှန်းခဲ့ကြသည်။

သို့သော် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့် ကမ်းနီး ရေလုပ်ငန်းများ၏ ငါး၊ ပုစွန် ဖမ်းဆီးရမိမှုများအရ ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၆ သန်းတန်ဖိုးရှိ ရေထွက်ပို့ကုန် ၁၉၇၆ ဒသမ ၈၉၁ တန်ထိ တင်ပို့ရောင်းချပေးခဲ့ရသည်။

ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁၁ သန်းတန်ဖိုးရှိ ငါး ၁၇၆၅ ဒသမ ၉၈၅ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၁ သန်းတန်ဖိုးရှိ ပုစွန် ၁၃ ဒသမ ၀၂ တန်နှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၄ သန်းတန်ဖိုးရှိ အခြားရေထွက်ကုန် ၁၉၇ ဒသမ ၈၈၆ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စိုခြောက်)၊ ပဂဲ၊ ကဏန်းချေးပုံး၊ ခရုနှင့် ငါးမှုန့်များအပြင် သီဟိုဠ်စေ့၊ ဆီအုန်း၊ ဆီအုန်းစွန့်ပစ်အညစ်အကြေးနှင့် ဆီအုန်းစေ့များကို တင်ပို့ရောင်းချပေးနေသကဲ့သို့ ပီလောပီနံမှုန့်၊ ဆား၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆော်ဒါမှုန့်၊ ဆိုဒီယမ်ကာဗွန်နိတ်၊ ကျောက်ချဉ်၊ ထုံးမှုန့်၊ ဆိုးဆေးမှုန့်၊ မီးသွေးမှုန့်၊ ပြောင်းစေ့၊ အလှဆီ၊ ကန့်၊ ဇင့်အောက်ဆိုဒ်၊ ပလတ်စတစ်ရေခဲပုံး၊ ငှက်သိုက် စသည့် ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံမှ ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

**ချမ်းချမ်း**

## လှိုင်းဘွဲ့မြို့နယ် ဆင်သေကုန်းကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စစ်ဆေး

**လှိုင်းဘွဲ့ မေ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပတ်ကျာကျေးရွာအုပ်စု ဆင်သေကုန်းကျေးရွာ၌ နွေကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ၊ မရှိနှင့် စက်ရေတွင်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ဆင်သေကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ၊ မရှိနှင့် လက်ရှိ သောက်သုံးရေ သုံးစွဲနေမှုများကို ကျေးရွာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ကျေးရွာမှ တာဝန်ရှိသူများကို သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်-၆ အရ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့်လည်းကောင်း၊ အလှူရှင် လှူဒါန်းမှုများဖြင့်လည်းကောင်း သောက်သုံးရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဆင်သေကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၇၄ အိမ်၊ လူ ၅၀၉ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိလျက်ရှိကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**








## ဝန်ထမ်းအလိုရှိသည်

၁။ အငယ်တန်းစာရေး ကျား/မ ၂ ယောက်
(ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်)
၂။ ရုံးအကူ ကျား/မ ၂ ယောက်
(ဆယ်တန်းအောင်)
၃။ ကလေးထိန်း မ ၁ ယောက်
၄။ သန့်ရှင်းရေး မ ၁ ယောက်

ဆက်သွယ်ရန်ဖုန်း- 09-969775224,09-966200015
Equal Construction & Decoration Co.,Ltd
မနော်ဟရီလမ်း၊ ၄၇×၄၈ကြား၊ တိုက်နံပါတ် M-4၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

## ပျောက်ဆုံးကြောင်း

ရေကြည်မြို့နေ ဦးကျော်သူ (ဘ) ဦးသန်းရွှေ (၁၄/ကကထ(နိုင်)၁၄၈၂၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (A-454695)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၅၁၈၄၉၆၁

**မီး သတိပြု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ရေလာကြီးကျေးရွာအုပ်စု၊ ရေလာကြီးကျေးရွာနေ မရွှေဇင်ဌေး (၈/ပကခ (နိုင်)၂၉၂၄၄၉)၏ဖခင် ဦးမောင်ဌေး (၈/ပကခ(နိုင်) ၀၀၉၄၈၄)နှင့် ဦးဌေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်ဌေး (ခ) ဦးဌေး (၈/ပကခ(နိုင်)၀၀၉၄၈၄)**

## အမည်ပြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-4(အောင်)မှ (အဘ) ဦးသန်းဇော်ဝင်း (၉/အမရ(နိုင်)၁၁၆၇၅၃) ၏သား မောင်သုတဇော်အား မောင်ဟိန်းသူရဝင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဟိန်းသူရဝင်း**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

စဉ့်ကူးမြို့နယ်၊ ညောင်ဝန်းကျေးရွာနေ ကျွန်တော် ဦးတိုးနောင်လင်း (၉/အမဇ(နိုင်)၀၁၄၁၈၈)နှင့် မမေဦးမွန် (ခ) မေဦး (၉/မတန(နိုင်)၀၆၆၈၃၉) တို့သည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် လက်ထပ်ပေါင်းသင်းနေထိုင်ပြီး သမီးတစ်ယောက်ထွန်းကားခဲ့ပါသည်။ ပေါင်းသင်းနေထိုင်စဉ် မမေဦးမွန် (ခ) မေဦး သည် လူမှုရေးဖောက်ပြန်မှုများကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးတိုးနောင်လင်း (၉/အမဇ(နိုင်)၀၁၄၁၈၈)**

**ရန်သူမီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၂၀ | ၂၁၁၅ | ၂၁၃၅ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၃၀၅ | ၂၈၁၀ |
| 95 Ron | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၉၀၀ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၉၃၀ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၉ | ၁၉၇၁ |
| 95 Ron | ၁၉၉၀ | ၂၀၆၃ |
| HSD (500 ppm) | ၁၈၂၈ | ၁၈၉၄ |
| HSD (50 ppm) | ၁၉၀၂ | ၁၉၆၉ |
| HSD (10 ppm) | ၁၉၀၂ | ၁၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လိုချိုးစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇ - ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့ အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ကျောက်တော်မြို့နှင့် ရသေ့တောင်မြို့တို့သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များကို သီးခြားစီတွေ့ဆုံအားပေးစကားပြောကြား၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်




**အမျိုးသား၊သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်တော်မြို့ရှိ မုန်တိုင်းသင့်ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။**

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ကျောက်တော်မြို့နှင့်ရသေ့တောင်မြို့တို့သို့ သွားရောက်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့်မိသားစုဝင်များကို သီးခြားစီ တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

